# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၆)ရက် ၊ အင်္ဂါနေ့ ၊ (18-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၀)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁

**မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ**

စာမျက်နှာ- ၁၉

**၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ- ၂၀

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့**

စာမျက်နှာ- ၂၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# ရွှေတိဂုံစေတီတော်ကြီး ရွှေစင်ရွှေပြားများကပ်လှူပူဇော်နိုင်ရေး

ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်သော မြန်မာနိုင်ငံတွင် စေတီပုထိုးများစွာရှိသည့်အနက် ရန်ကုန်မြို့ ဒဂုံမြို့နယ် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် အထင်ကရစေတီတစ်ဆူဖြစ်သည်။ အဆိုပါစေတီတော်ကြီးတွင် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်လျက်ရှိရာ စေတနာရှင်အလှူရှင်များအနေဖြင့် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်ပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ခေတ်အဆက်ဆက်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းများရှိသကဲ့သို့ ယခု ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည်ရွှေပြားအနေဖြင့် စုစုပေါင်းအချက် ၁၂၀၀ လိုအပ်မည်ဖြစ်ပြီး ယခုလျက်ရှိ ကပ်လှူပြီးစီးမှုမှာ ၁၀၆၀ ဖြစ်သဖြင့် ကပ်လှူရန်ကျန် အချပ် ၁၄၀ လိုအပ်လျက်ရှိသည်။ တစ်ကျပ်သားရွှေစင်ပြားအနေဖြင့် စုစုပေါင်း ၁၀၀၀၀ ချပ် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ အချပ် ၇၅၀၀ ဖြစ်သဖြင့် ကပ်လှူရန်အချပ် ၂၅၀၀ လိုအပ်လျက်ရှိသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံနှင့်ရန်ကုန်မြို့တို့၏ အထင်ကရစေတီတော်ကြီးဖြစ်ပြီး ခေတ်အဆက်ဆက်မင်းများ၊ အစိုးရများနှင့် စေတနာရှင်ပြည်သူများက အစဉ်အဆက်ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြခြင်းဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ၄က်ပျောဖူးတော်ကို ရွှေပြားသင်္ကန်းဖြင့် စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင် ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့သည်။ ထို့နောက် ၁၉၄၉ ခုနှစ်တွင်မှ ၁၉၇၀ ပြည့်နှစ်ထိ သုံးနှစ်လျှင်တစ်ကြိမ်၊ လေးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြသည်။ ယင်းနောက် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှ ၂၀၁၉ ခုနှစ်ထိ လေးနှစ်လျှင်တစ်ကြိမ်၊ ငါးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြပြီး ထိုကာလအတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည့် ရွှေပြားများကိုလည်း လဲလှယ်ကပ်လှူပူဇော်ခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်(နှစ်ပေါင်း ၄၀ ခန့်ကာလအတွင်း) လေးနှစ်လျှင်တစ်ကြိမ်၊ ငါးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြရာ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကိုးကြိမ်မြောက်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်သည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ ရွှေပြားသင်္ကန်းတော်များကို စတင်ကပ်လှူပူဇော်ခဲ့ရာ လက်ရှိအချိန်ထိ လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ယခုနှစ် မတ်လတတိယပတ်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိတွင် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြားအချပ် ၁၄၀ နှင့် တစ်ကျပ်သားရှိ ရွှေစင်ပြား အချပ် ၂၅၀၀ တို့ ကပ်လှူရန်ကျန်ရှိနေသည့်အတွက် စေတနာရှင်အလှူရှင်များအနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြားတစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြားတစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီးပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်ပါသည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက်မင်းများ၊ အစိုးရများနှင့် စေတနာရှင်ပြည်သူများက အစဉ်အဆက်ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့သော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ယခုအခါ စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်လျက်ရှိသည်။ ထိုသို့ ကပ်လှူပူဇော်ရာတွင် လိုအပ်လျက်ရှိသော ရွှေပြားအချပ် ၁၄၀ နှင့် ရွှေစင်ပြား အချပ် ၂၅၀၀ ကို စေတနာရှင်အလှူရှင်များအနေဖြင့် မိမိတို့သဒ္ဓါတရားရှိသည့်အတိုင်း ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

# ဟုမ္မလင်းမြို့နယ်တွင် မြေပဲ ၉၄၂၆ ဧကစိုက်ပျိုးပြီးစီး လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့



**ဟုမ္မလင်း ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် မြေပဲ ၉၄၂၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၀၂၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၉၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက် ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကံကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကံကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကွေ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၄၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။ **အောင်ရဲကျော်**

# ကန့်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၄၃၉၇၁ ဧက ရိတ်သိမ်းပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် စပါး ၁၄၃၉၇၁ ဧက အားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းခဲ့သည့် စပါးတစ်ဧကလျှင် ၉၉ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ် တစ်မြို့နယ်လုံးအနေနဲ့ စပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့ လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြခြင်း၊ ရွှေ့ခရုကာကွယ်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာအသုံးပြုနည်းစနစ်များ မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း စတဲ့ နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

အဆိုပါစပါးများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံအတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သည့်အပြင် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သည့်အတွက် စပါးများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းယန်းမြို့နယ် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြ ကျေးရွာ ထူထောင်ရေးလုပ်ငန်း စီမံကိန်း (SMART Village ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်းလွေခေတ်မီစံပြ ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိမြတ်နှင့် တာဝန်ရှိသူများက မိုင်းလွေခေတ်မီစံပြ ကျေးရွာတွင် အရှည်ပေ၃၀၀၊ အကျယ်၂၆ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် အလျား ၉၆ ပေ ၊ အမြင့်ငါးပေရှိ စာကြည့်တိုက် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ခေတ်မီစံပြ ကျေးရွာစီမံကိန်းကော်မတီများနှင့် တွေ့ဆုံကာ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်ပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ကြိုးစားဆောင်ရွက်ရန် မှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မိုင်းလွေ ခေတ်မီစံပြကျေးရွာ၌ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၂၇သိန်း အသုံးပြုကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက် (၃၉၈) ချမ်းမြသာစည်(တောင်) ရပ်ကွက်နေ ဦးဇော်ဌေး+ ဒေါ်ငုံးဌေး မိသားစုက ဆွမ်းအလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် အဖွဲ့ဝင်ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် နေကြာ ၆၃၉၁ ဧကစိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် ဆောင်ရွက်လျက်ရှိ



**ရွှေဘို ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် နေကြာ ၆၃၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၆၅၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၆၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၃၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၅၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၄၀ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၉ ဧက စုစုပေါင်း ၆၃၉၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၅၀၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၃၅ ဧက စုစုပေါင်း ဧက၆၅၀၀ တို့ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

နေကြာသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ဒိုင်းတရာ(မြန်မာ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒိုင်းတရာ(မြန်မာ) ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဒိုင်းတရာ(မြန်မာ)ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်း ရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၉၅ သိန်းကို ဒိုင်းတရာ(မြန်မာ) မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ကြီးကြပ်မှုဖြင့် ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ဒိုင်းတရာ(မြန်မာ)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၅ဦးကို ရန်ပုံငွေကျပ် ၃၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရေဘဝဲပိသဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရေဘဝဲပိသဿာချိန် ၇၆၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေကပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်းက ရေဘဝဲပိသဿာချိန် ၅၂၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း ရေဘဝဲပိသဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက် ဒီဘက်ကတင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ရေဘဝဲပိသဿာချိန် ၇၆၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ရေဘဝဲတွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည် တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ်၂၇၀၀၀၊ ရေဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များအရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းနေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေဩဇာ (အပိုင်း- ၂၆)

ပါမောက္ခကိုကိုအောင်



စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်ရှိ တိရစ္ဆာန်တို့က စွန့်ထုတ်သော အညစ်အကြေးများဖြစ်သည့် လယ်ယာမြေဩဇာကို စိုက်ပျိုးရေးလုပ်သားများနှင့် တောင်သူလယ်သမားတို့အဖို့ ထိထိရောက်ရောက် အသုံးပြုနိုင်ကြစေရန်အတွက် အဆိုပါမြေဩဇာ၏ ဖွဲ့စည်းထားပုံနှင့်အပင်များ၌ အကျိုးသက်ရောက်နိုင်ပုံတို့ကို ဦးစွာသိရှိထားကြရန် အရေးကြီးသည်။ ယေဘုယျအားဖြင့် လယ်ယာမြေဩဇာ၌ ရေက ၇၃ ရာခိုင်နှုန်းပါဝင်ပြီး အပင်စာများဖြစ်သော ဒြပ်စင်တို့၏ ပါဝင်မှုက အလွန်ပင်နည်းပါးလှသည်။ တိတိကျကျ ဖော်ပြရမည်ဆိုပါက နိုက်ထရိုဂျင်ပါဝင်မှုက သုည ဒသမ ၅ ရာခိုင်နှုန်း၊ ဖော့စဖရတ်ပါဝင်မှုက သုည ဒသမ ၂ ရာခိုင်နှုန်းနှင့် ပိုတက်စီယမ်ပါဝင်မှုက သုည ဒသမ ၅ ရာခိုင်နှုန်းသာဖြစ်သည်။

လယ်ယာမြေဩဇာ၌ အပင်စာဖြစ်သော ဒြပ်စင်များ၏ ပါဝင်နှုန်းက အလွန်တရာနည်းပါးလှသည်ကို လေ့လာသိရှိပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်ယာမြေဩဇာက များစွာအသုံးမဝင်ဟု ယူဆလျှင်မူ မှားယွင်းပေလိမ့်မည်ဖြစ်သည်။ အကြောင်းကမူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌ အဆိုပါ လယ်ယာမြေဩဇာများကို ပမာဏအများအပြား ချထားပေးလေ့ရှိကြသည့်အတွက် မြေဆီလွှာအတွင်းသို့ ဝင်ရောက်လာသော အပင်စာများ၏ ပမာဏမှာ အလွန်ပင် များပြားသောကြောင့်ပင် ဖြစ်သည်။ ၁၀ တန်မျှရှိသော လယ်ယာမြေဩဇာ၏ အာနိသင်က ငွေကြေးသုံးစွဲ၍ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်သည့် ဓာတ်မြေဩဇာ ပမာဏပေါင် ၅၀၀ နှင့် ညီမျှသည်။ ထို့ကြောင့်ပင် လယ်ယာမြေဩဇာပမာဏများများကို မြေဆီလွှာထဲသို့ ချပေးလိုက်သည့်အခါ အပင်များက သိသာစွာ ကြီးထွားဖွံ့ဖြိုးသန်စွမ်းလာကြခြင်းဖြစ်သည်။

လယ်ယာမြေဩဇာ၏ ထူးခြားချက်တစ်ရပ်ကမူ ၎င်းတွင် နိုက်ထရိုဂျင်၏ပမာဏက ဖော့စဖရတ်၏ ပမာဏထက် နှစ်ဆကျော် များပြားနေခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သော အပင်စာဒြပ်စင်များ မမျှမတ ဖြစ်နေခြင်းကို အက်စစ်ဖော့စဖိတ်ဟုခေါ်သော ဓာတ်မြေဩဇာတစ်မျိုးကို ဖြည့်စွက်ပေးခြင်းဖြင့် ပြုပြင်တည့်မတ်ပေးနိုင်သည်။ အက်စစ်ဖော့စဖိတ်သည် လယ်ယာမြေဩဇာတွင်ပါရှိသည့် အခြားသောအပင်စာတို့၏ အစွမ်းသတ္တိကိုလည်း ပိုမိုထက်မြက်လာစေသည်။

မြေဩဇာတွင်ပါရှိသည့် ထက်ဝက်ခန့်သောအပင်စာတို့မှာ အပင်တို့က တိုက်ရိုက်စုပ်ယူသုံးစွဲနိုင်သည့်အခြေအနေ၌ အသင့်ရှိနေကြသော်လည်း ကျန်ပမာဏ တစ်ဝက်ခန့်ကိုမူ အပင်များက အသုံးမပြုမီ ဖြိုခွဲပေးရန် လိုအပ်သည်။ ထိုကဲ့သို့သော ဖြိုခွဲပေးရမည့် လုပ်ငန်းတာဝန်များကို ဗက်တီးရီးယားတို့က ဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာမြေဩဇာသည် တိရစ္ဆာန်တို့ကစွန့်ထုတ်သော အညစ်အကြေးများဖြစ်သောကြောင့် ပိုးများဖြင့်ပြည့်နှက်လျက်ရှိနေကြသည်။ သဘာဝမြေဆီလွှာထဲ၌ ဗက်တီးရီးယားများရှိနေကြသော်လည်း လယ်ယာမြေဩဇာများထဲမှာကဲ့သို့ ပိုးများက အများအပြား ပါဝင်နိုင်ခြင်းမရှိပေ။

လယ်ယာမြေဩဇာဖြစ်သည့် တိရစ္ဆာန်တို့၏ အညစ်အကြေးများထဲ၌ ပါဝင်နေသော ဗက်တီးရီးယားပေါင်းစုံတို့သည် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်ပြင်ပသို့ ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် ရှုပ်ထွေးစွာဖွဲ့စည်းထားသော ဒြပ်ပေါင်းများကို စဉ်ဆက်မပြတ် ဖြိုခွဲဖျက်ဆီးပေးကြတော့သည်။ ဤနည်းအားဖြင့် လယ်ယာစိုက်ခင်းပြင်ပ၌ အကာအရံများကို စနစ်တကျပြုလုပ်၍ စုပုံထားသော လယ်ယာမြေဩဇာပုံကြီးထဲ၌ အပင်များကအသုံးပြုနိုင်သည့် အစာများမှာ နာရီနှင့်အမျှတိုးပွားလာလျက်ရှိနေသည်။

အပင်များအဖို့ ဆွေးမြည့်နေသော မြေဩဇာများကို အလွန်ကြိုက်နှစ်သက်ကြသည်ကို စိုက်ပျိုးရေးသမားတိုင်းက သိရှိလက်ခံထားကြပြီးဖြစ်သည်။ အကြောင်းကမူ ဆွေးမြည့်နေသည့် မြေဩဇာများထဲ၌ အပင်များကအသုံးပြုနိုင်သော အစာများစွာပါရှိနေခြင်းကြောင့်ပင်ဖြစ်သည်။ မြေဩဇာပင်ဖြစ်စေကာမူ ဗက်တီးရီးယားတို့က ရှုပ်ထွေးနေသော ဒြပ်ပေါင်းများကို အစွမ်းကုန်ဖြိုခွဲမပေးရသေးသော အခြေအနေ၌ ရှိနေသေးလျှင် စိုက်ပျိုးမြေဆီလွှာ၌ ဖြည့်စွက်ထည့်သွင်းပေးရလောက်အောင် အသုံးဝင်အဖိုးတန်လှမည် မဟုတ်ပေ။ ထိုအခြေအနေသည် ရှုပ်ထွေးလွန်းလှသော ဒြပ်ပေါင်းများဖြင့် ပြည့်နှက်နေသေးသည်ဖြစ်၍ အပင်စာများပါရှိနေသည့်တိုင် ထိုအပင်စာများကို အပင်များက အသုံးပြုနိုင်လိမ့်မည် မဟုတ်ပေ။ ဗက်တီးရီးယားတို့က အဆိုပါ ရှုပ်ထွေးနေသော ဒြပ်ပေါင်းများကို အစွမ်းကုန်ဖြိုခွဲပေးလိုက်ပြီးသည့်အခါ၌မူ ထိုမြေဩဇာမှာ ဆွေးမြည့်သောမြေဩဇာအဖြစ်သို့ ရောက်ရှိသွားသည့်အတွက် စိုက်ပျိုးရေးသမားတို့က ထိုကဲ့သို့သော မြေဆွေးမြေဩဇာ၏ တန်ဖိုးကို သိကြသည့်အတွက် အလေးထားသုံးစွဲလိုကြခြင်းဖြစ်သည်။

မြေဩဇာများကို ဆွေးမြည့်သွားအောင် ပြုလုပ်ရာ၌ သတိထားရှောင်ကြဉ်ရမည့် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ အလွန်ပွပြီး ပြန့်ကျဲနေသော မြေဩဇာများဖြစ်နေပါက ပြင်ပမှ တချို့သော ဗက်တီးရီးယားတို့က မြေဩဇာပုံအတွင်းသို့ရောက်ရှိလာပြီး နိုက်ထရိုဂျင်ဒြပ်ပေါင်းများကို အမိုးနီးယားဓာတ်ငွေ့အဖြစ်သို့ ပြောင်းလဲပစ်လိုက်ကြမည်ဖြစ်၍ နိုက်ထရိုဂျင်ဒြပ်ပေါင်းများ ဆုံးရှုံးသွားနိုင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပျက်စီးဆုံးရှုံးသွားရမှု နည်းနိုင်သမျှနည်းနိုင်ရန်အတွက် မြေဩဇာပုံကို စွတ်စိုစေပြီး သိပ်သည်းကျစ်လျစ်စွာ စုပုံထားခြင်းဖြင့် ကာကွယ်ပေးနိုင်ကြမည်ဖြစ်သည်။

ဒုတိယအချက်မှာ မြေဩဇာပုံအတွင်းရှိ ရေ၌ပျော်ဝင်နိုင်သော အရာဝတ္ထုများအဖို့ ရေနှင့်ထိတွေ့နေမည်ဆိုပါက အဖိုးတန်ဓာတ်ပစ္စည်းများက ရေ၌ပျော်ဝင်ပါရှိသွားမည်ဖြစ်သည့်အတွက် ဆုံးရှုံးသွားနိုင်ခြင်းပင်ဖြစ်သည်။ မြေဩဇာပုံများကို စပါးကျီများ၏ တံစက်မြိတ်အောက် သို့တည်းမဟုတ် ရေစီးဝင်လာနိုင်သောနေရာများ၌ စုပုံထားခြင်းမျိုးမှ ရှောင်ကြဉ်ခြင်းအားဖြင့် ထိုကဲ့သို့သော ဆုံးရှုံးမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။ ဤနေရာတွင် သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုရန် ရည်ရွယ်စိုက်ပျိုးထားသော သီးနှံပင်များကို လယ်ယာလုပ်ငန်းခွင်သုံး တိရစ္ဆာန်များအား တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးလိုက်ခြင်းသည် အပင်၌ရှိသော အော်ဂဲနစ်ဒြပ် အများအပြားနှင့်အတူ နိုက်ထရိုဂျင်နှင့် ဖော့စဖရတ်အက်စစ်တို့ကိုပါ ဆုံးရှုံးသွားစေလိမ့်မည်ကို အထူးသတိပြုကြမည်ဖြစ်သည်။

ဆွေးမြည့်နေသောမြေဩဇာများကို တလင်းပြင်တစ်ခုခုပေါ်၌ သိပ်သည်းကျစ်လျစ်နေအောင် စုပုံထားပြီး အသင့်အတင့်စွတ်စိုနေအောင် စီမံပြုလုပ်ထားရမည်ဖြစ်သည်။ လယ်ယာမြေဩဇာများ ဆုံးရှုံးရခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဦးစွာသတိပြုသင့်သည့်နေရာများမှာ မြင်းဇောင်းများနှင့် နွားတင်းကုပ်များ စသည်တို့ဖြစ်ကြသည်။ မြေဩဇာပုံအတွင်းရှိ ရေ၌ပျော်ဝင်နိုင်သောအရာများနှင့် အရည်များကို စုပ်ယူနိုင်ရန်အတွက် ကောက်ရိုး သို့တည်းမဟုတ် လွှစာမှုန့်များကို အသုံးပြုကြရသည်။ ကောက်ရိုးများကို ဖြန့်ခင်းပေးထားခြင်းသည် လယ်ယာလုပ်ငန်းခွင်သုံး တိရစ္ဆာန်များကို သန့်ရှင်းမှုဖြစ်စေသည်။ အထူးသဖြင့် နို့စားနွားမများ မွေးမြူရာ၌ သန့်ရှင်းစင်ကြယ်မှုကို ပိုမိုလိုအပ် သည်ဖြစ်၍ ကောက်ရိုးများ အပြည့်အဝခင်းပေးထားရန် လိုအပ်သည်။

မြင်းဇောင်းနှင့် နွားတင်းကုပ်များ၌ အခင်းကို ဖော်ပြပါနည်းများဖြင့် ရေလုံအောင် ပြုလုပ်ထားရှိမှသာလျှင် အဆိုပါကောက်ရိုးနှင့် လွှစာမှုန့်စသည်တို့က မြေဩဇာပုံမှစီးထွက်လာသည့်ရေများကို အခြားနေရာများသို့ရောက်ရှိမသွားမီ ကြိုတင်စုပ်ယူထားနိုင်ကြလိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့်လည်း လယ်ယာမြေဩဇာများဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၉၁ ဧက စိုက်ပျိုးပြီးစီး

**ကျောက်မြောင်း ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲသီးနှံ ၁၂၆၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မတ်ပဲ ၁၂၆၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၁၂၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲတွေ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ခွဲ ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မတ်ပဲသီးနှံကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ခွဲဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မြောင်းမြ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခု ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲလျာထား ၂၅၃၅ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၂၅၃၅ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာအဓိကထားစိုက်တာဖြစ်ပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာမြေပဲ ၂၅၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အထွက်နှုန်း ကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး တို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခု ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ အပါအဝင် ဆောင်းသီးနှံများ လျာထားဧကအတိုင်းရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကန်ကျေးရွာအုပ်စု တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခု ကောဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် ၅၇ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

## မြန်မာဆိုသည်မှာ

- ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့
  တင့်ဆန်းခဲ့တဲ့ တို့မြန်မာ၊
  ယဉ်ကျေးမှုရယ် စာပေအနှစ်ကိုဖြင့်
  ချစ်မဝပါ၊
  နံ့ရံဆေးရေး ပန်းချီလက်ရာ
  ကမ္ဘာကျော် ဂုဏ်ရည်ပြ၊
  မြန်မာ့မြေ မြန်မာ့သမိုင်း
  ရှုတိုင်းရယ်လှ။

- ကိုယ်ပိုင်အဆို ကိုယ်ပိုင်အကနဲ့
  ထင်ရှားလှတဲ့ တို့မြန်မာ၊
  တို့ကိုယ်ပိုင် မြန်မာ့ဆိုင်းကိုဖြင့်
  နှိုင်းတုကြည့်ပါ၊
  ကမ္ဘာအရပ်ရပ် အနှံ့ရှာ
  သည်ရတနာ တွေ့မလား၊
  ကြေး ကြိုး သားရေ လေ လက်ခုပ်တဲ့
  အဟုတ်ထင်ရှား။

- ကြီးသူရိုသေ ငယ်သူသနား
  ဆုံးမစကား လက်ကိုင်ကာ၊
  တို့ပြည်သူအချင်းချင်း
  ရိုင်းပင်းညီညာ၊
  မေတ္တာစိတ်သက် ကြင်နာစွာ
  မင်္ဂလာပါ ခွန်းချိုဆင့်၊
  မာနမပြိုင် ချစ်ပင်ပျိုးတော့
  တို့မြန်မာလေ…
  လှမျိုးဂုဏ်တင့်။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# သမ္မတရှီကျင့်ဖျင် တရုတ်စီးပွားရေးလုပ်ငန်း ခေါင်းဆောင်များနှင့် တွေ့ဆုံ



**ပေကျင်း ဖေဖော်ဝါရီ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်စီးပွားရေး ခေါင်းဆောင်များနှင့် ယနေ့တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အလီဘာဘာကုမ္ပဏီပူးတွဲတည်ထောင်သူ ဂျက်မား၊ ဟွာဝေးကုမ္ပဏီအကြီးအကဲ ရန်ကျန်းဖိုင်အပါအဝင် ထိပ်တန်းစီးပွားရေးခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် စီးပွားရေးခေါင်းဆောင်များ၏ တင်ပြချက်များကို နားထောင်ပြီးနောက် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ကျင်းပခဲ့သော အဆိုပါဆွေးနွေးပွဲနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးနေချိန်၊ အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်သမ္မတရှီကျင့်ဖျင်က စီးပွားရေးလုပ်ငန်းခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် သမ္မတရှီကျင့်ဖျင်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်ရန်တိုက်တွန်းဖွယ်ရှိကြောင်း တရုတ်အစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

Ref : Xinhua
Trs : KKO

# မာလီအနောက်တောင်ပိုင်း၌ ရွှေတွင်းပြိုကျမှုဖြစ်ပွား အနည်းဆုံး ရွှေတူးသမား ၄၃ ဦး သေဆုံး

**ဘာမာကို ဖေဖော်ဝါရီ ၁၇**

မာလီနိုင်ငံ အနောက်တောင်ပိုင်းရွှေတွင်းတစ်တွင်း၌ တွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ တစ်ပိုင်တစ်နိုင်ရွှေတူးသမားအနည်းဆုံး ၄၀ကျော် သေဆုံးခဲ့ရကြောင်း မာလီတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကာယက်စ်ဒေသ ကီနီဘာမြို့အနီးတည်ရှိသည့် အဆိုပါရွှေတွင်းဟောင်းပြိုကျမှုသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရွှေတွင်းပြိုကျမှုကြောင့် တစ်ပိုင်တစ်နိုင် ရွှေတူးသမား ၄၃ ဦး သေဆုံးခဲ့ရာ အများစုမှာ အမျိုးသမီးများဖြစ်ကြသည်။

ယင်းရွှေတွင်းသည် စက်ယန္တရားများဖြင့် တူးပြီးသားရွှေတွင်းဟောင်းတစ်ခုဖြစ်ပြီး တစ်ပိုင်တစ်နိုင်ရွှေတူးသူများ ရွှေကို ရွှေစများရှာဖွေတူးဖော်နေစဉ် တွင်းပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဝယ်လိုအားမြင့်တက်လာမှုရွှေဈေးမြင့်တက်လာမှုတို့ကြောင့် မာလီနိုင်ငံအပါအဝင် အနောက်အာဖရိကနိုင်ငံများ၌ တစ်ပိုင်တစ်နိုင် ရွှေတူးဖော်မှုများအားကောင်းလာခဲ့သည်။

သို့ရာတွင် စည်းစနစ်ကျနမှုမရှိသည့် တူးဖော်မှုများကြောင့် လူအသေအပျောက်များသည့် ရွှေတွင်း မတော်တဆမှုများလည်း အဖြစ်များလာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားသမ္မတပူတင်နှင့် မကြာမီကာလအတွင်း တွေ့ဆုံမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်ပြောကြား



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

မကြာမီကာလအတွင်း ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံ၍ ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ရုရှားနှင့် အမေရိကန်တာဝန်ရှိသူများ တွေ့ဆုံ၍ ယူကရိန်းပဋိပက္ခကိစ္စ မဆွေးနွေးမီ ရက်ပိုင်းအလိုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အချိန်ကာလ အတိအကျမသတ်မှတ်ရသေးသော်လည်း မကြာမီကာလအတွင်း ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံ၍ ယူကရိန်းကိစ္စဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများအနေဖြင့် လာမည့်ရက်ပိုင်းအတွင်း ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ တွေ့ဆုံရန်စီစဉ်ထားသည်။

ယင်းဆွေးနွေးပွဲ၌ ပါဝင်ရန် ယူကရိန်းနှင့် ဥရောပနိုင်ငံများကို ဖိတ်ကြားထားခြင်း မရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရာတွင် ရုရှားခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံလာမှုကို ယူကရိန်းနှင့် ဥရောပနိုင်ငံများက စိုးရိမ်တကြီးစောင့်ကြည့်လျက် ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားရေတပ်စစ်သင်္ဘော ဂျပန်ပင်လယ်၌ စစ်ရေးလေ့ကျင့်



**မော်စကို ဖေဖော်ဝါရီ ၁၇**

ရုရှားရေတပ်မှ အက်မိုင်ရယ်နီဗယ်လ်စကေးအမည်ရှိ ကုန်းရေနှစ်ထွေစစ်ဆင်ရေးသုံးအကြီးစားစစ်သင်္ဘောတစ်စီးသည် ဂျပန်ပင်လယ်ဒေသ၌ အမြောက်ပစ်ခတ်မှုများလေ့ကျင့်ခဲ့ကြကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

စစ်သင်္ဘော တစ်စီးတည်းအတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်စမ်းသပ်မှုအစီအစဉ်အရ အက်မိုင်ရယ်နီဗယ်လ်စကေးအနေဖြင့် ဝေဟင်ပစ်မှတ်များကို အမြောက်များဖြင့် ပစ်ခတ်လေ့ကျင့်ခဲ့ကြောင်း ရုရှားပစိဖိတ်ရေတပ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

ရုရှားပစိဖိတ်ရေတပ်အုပ်စု၏ ဒေသတွင်း စစ်မြေပြင်လှုပ်ရှားမှုအစီအစဉ်အရ အက်မိုင်ရယ်နီဗယ်လ်စကေးက ဂျပန်ပင်လယ်ဒေသ၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားရေတပ်သည် ရုရှားအရှေ့ဖျားဒေသကမ်းရိုးတန်းကမ်းလွန်ရှိ ဂျပန်ပင်လယ်အပါအဝင် ပစိဖိတ်ရေပြင်များ၌ စစ်ရေးလေ့ကျင့်မှုများပုံမှန်ပြုလုပ်လေ့ရှိသည်။

ယင်းအပြင် ရုရှားရေတပ်သည် ပြီးခဲ့သည့်နှစ်ကလည်း တရုတ်ရေတပ်နှင့်ပူးတွဲ၍ ဂျပန်ပင်လယ်ဒေသ၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့သော အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ရုရှားနိုင်ငံအတွက် ဆိုဗီယက်ခေတ်လွန်နောက်ပိုင်း အကြီးမားဆုံးဂျပန်ပင်လယ် စစ်ရေးလေ့ကျင့်မှုဖြစ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ ရောက်ရှိ

**ရီယာ့ဒ် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် အရှေ့အလယ်ပိုင်းအဓိကမဟာမိတ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ ယနေ့တွင် ရောက်ရှိခဲ့သည်။

ယူကရိန်းပဋိပက္ခကိစ္စ ဆွေးနွေးရေးအတွက် ရီယာ့ဒ်မြို့၌ ရုရှားနှင့် အမေရိကန်တာဝန်ရှိသူများ မတွေ့ဆုံမီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရူဘီယို ဆော်ဒီအာရေဗျနိုင်ငံသို့ရောက်ရှိလာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရူဘီယိုသည် အစ္စရေးခရီးစဉ်ပြီးဆုံးပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီခရီးစဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရူဘီယိုသည် ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်နှင့် တွေ့ဆုံ၍ ဂါဇာကမ်းမြောင်ပြဿနာအတွက် ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဂါဇာကမ်းမြောင်ဒေသအား အမေရိကန်နိုင်ငံ လက်လွှဲရယူရေးအဆိုပြုချက်ကို ဆော်ဒီအာရေဗျနိုင်ငံ အပါအဝင် အာရပ်နိုင်ငံများက ကန့်ကွက်ထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရူဘီယိုသည် အစ္စရေးခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့်တွေ့ဆုံ၍ ဂါဇာကိစ္စဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အာရီယာနီစပေ့စ်ကုမ္ပဏီက အာရီယာနီ-၆ ဒုံးပျံ၏ ပထမဆုံးလုပ်ငန်းခွင်ဝင်မစ်ရှင်ကို လွှတ်တင်မည်



**ပဲရစ် ဖေဖော်ဝါရီ ၁၇**

ပြင်သစ်နိုင်ငံအခြေစိုက် အာရီယာနီစပေ့စ်ကုမ္ပဏီသည် အာရီယာနီ-၆ ဒုံးပျံ၏ပထမဆုံးလုပ်ငန်းခွင်ဝင်မစ်ရှင်ကို ယခုလကုန်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အာရီယာနီစပေ့စ် ကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် စီအက်စ်အို-၃ အမည်ရှိ ကင်းထောက်ဂြိုဟ်တုတစ်စင်းကို အာရီယာနီ-၆ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

စီအက်စ်အို-၃ ဂြိုဟ်တုသယ်ဆောင်ထားသည့် အာရီယာနီ-၆ ဒုံးပျံကို တောင်အမေရိက ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အာရီယာနီစပေ့စ် ကုမ္ပဏီသည် အာရီယာနီ-၆ ဒုံးပျံသစ်ကို ပြီးခဲ့သည့်နှစ် ဇူလိုင်လက ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

အာရီယာနီစပေ့စ် ကုမ္ပဏီသည် စီအက်စ်အို-၃ ဂြိုဟ်တုကို လွှတ်တင်ရာတွင် ဥရောပ အာကာသအေဂျင်စီကို ကိုယ်စားမပြုဘဲ ကုမ္ပဏီ၏လုပ်ငန်းသဘောအရ လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ အာရီယာနီစပေ့စ်ကုမ္ပဏီသည် ယခုနှစ်အတွင်း အာရီယာနီ-၆ ဒုံးပျံမစ်ရှင်ခြောက်ခုထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပလူတိုဂြိုဟ်သိမ်နှင့် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန်မှ ဂြိုဟ်သိမ်များ၏ မျက်နှာပြင်များကို ပထမဆုံးအကြိမ် နာဆာသိပ္ပံပညာရှင်များ စူးစမ်းလေ့လာနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များသည် ပလူတိုဂြိုဟ်သိမ်နှင့် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန်မှ ဂြိုဟ်သိမ်များ၏ မျက်နှာပြင်များကို ပထမဆုံးအကြိမ်အဖြစ် စူးစမ်းလေ့လာနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ပလူတိုဂြိုဟ်သိမ်နှင့် အခြားနက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန်မှ ဂြိုဟ်သိမ်များ၏ မျက်နှာပြင်ဖွဲ့စည်းပုံများကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် စူးစမ်းလေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပလူတိုဂြိုဟ်သိမ် အပါအဝင် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန်မှ ဂြိုဟ်သိမ်များ၏ မျက်နှာပြင်ကို အေးခဲနေသောရေ၊ မီသိန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် မော်လီကျူးများဖြင့် ဖွဲ့စည်းထားကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ပြင် နေနှင့် နေအဖွဲ့အစည်းအတွင်း ဖြာထွက်ရောင်ခြည်များရိုက်ခတ်မှုကြောင့် အဆိုပါ မော်လီကျူးများသည် ဖွဲ့စည်းပုံ ပိုမိုရှုပ်ထွေးသော မက်သနောနှင့် အီသိုင်းကဲ့သို့ မော်လီကျူးသစ်များ အဖြစ် ပြောင်းလဲသွားတတ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ပလူတိုဂြိုဟ်သိမ်နှင့် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန်ရှိ ဂြိုဟ်သိမ်များ မျက်နှာပြင်ကို လေ့လာရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယို တယ်လီစကုပ်၏ NIRSPEL ခေါ် ကင်မရာစနစ်ဖြင့် လေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါကင်မရာစနစ်၏အကူအညီဖြင့် နာဆာသိပ္ပံပညာရှင်များသည် ပလူတိုဂြိုဟ်သိမ်အပါအဝင် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန် ဂြိုဟ်သိမ်ပေါင်း ၇၀ ကျော်တို့၏ မျက်နှာပြင်ဖွဲ့စည်းပုံများကို တစ်ပြိုင်တည်း လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဂျူရက်ဆစ်ဘူမိခေတ်ဦးပိုင်း ဆော်ရိုပေါ့ဒိုင်နိုဆောမျိုးစိတ်သစ် တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၁၇**

ဂျူရက်ဆစ်ဘူမိခေတ်ဦးပိုင်း ဆော်ရိုပေါ့ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆော်ရိုပေါ့ ဒိုင်နိုဆောမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းကို Xingxiulong Yueorum ဟူ၍ တရုတ် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Xingxiulong Yueorum ဒိုင်နိုဆောသည် အခြားဂျူရက်ဆစ်ခေတ် ဆော်ရိုပေါ့ဒိုင်နိုဆောများနှင့် သွင်ပြင်လက္ခဏာ တူညီမှုတချို့ရှိသော်လည်း ကိုယ်ထည်အရွယ်အစား ပို၍ကြီးမားကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Xingxiulong Yueorum ဆော်ရိုပေါ့ဒိုင်နိုဆောများသည် ကိုယ်ထည် အလျား ရှစ်မီတာမှ ၁၀ မီတာထိရှိနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ယခင်ရှာဖွေတွေ့ရှိခဲ့ဖူးသော ဂျူရက်ဆစ်ခေတ် ဆော်ရိုပေါ့များ၏ ကိုယ်ထည်အရွယ်အစားမှာ အလျား လေးမီတာနှင့် ငါးမီတာကြားတွင်သာရှိသည်။

တရုတ် သိပ္ပံပညာရှင်များသည် Xingxiulong Yueorum ဆော်ရိုပေါ့ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းယူနန်ပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## စိတ်ဖိစီးမှုကြောင့် အသက်ကြီးလာချိန်တွင် နာတာရှည်ရောဂါများဝင်ရောက်မှုမြန်နိုင်

**အီဒင်ဘတ် ဖေဖော်ဝါရီ ၁၇**

စိတ်ဖိစီးမှု ပြဿနာကြောင့် အသက်ကြီးလာချိန်တွင် နာတာရှည်ရောဂါများ ဝင်ရောက်မှု မြန်ဆန်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

စိတ်ဖိစီးမှုပြဿနာ ရှိနေသူများအနေဖြင့် အသက်ကြီးလာချိန်တွင် နှလုံးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေမှာ ပုံမှန်ထက်မြင့်မားနေတတ်ကြောင်း စကော့တလန်နိုင်ငံ အီဒင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

စကော့တလန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ဖိစီးမှုပြဿနာရှိခဲ့ဖူးသူများသည် ၎င်းပြဿနာမရှိခဲ့သူများနှင့်နှိုင်းယှဉ်ပါက အသက်ကြီးလာချိန်တွင် နာတာရှည်ရောဂါများ ဝင်ရောက်မှုမှာ ၃၀ ရာခိုင်နှုန်း အချိန်ပိုစောနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ဖိစီးမှုပြဿနာသည် လူ့ကိုယ်ခန္ဓာတစ်ခုလုံးအပေါ်ဆိုးကျိုးသက်ရောက်မှုရှိနေတတ်သည်ဖြစ်ရာ ၎င်းပြဿနာကြောင့် အသက်ကြီးလာချိန်တွင် နာတာရှည်ရောဂါများ ပုံမှန်ထက် အဝင်စောလာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

စကော့တလန် သုတေသနပညာရှင်များသည် လူပေါင်း ၁၇၂၀၀၀ ကျော်တို့ကို အချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ထိုးဆေးကုထုံးတစ်မျိုးက နာတာရှည် ခါးနာရောဂါတချို့အတွက် အကျိုးရှိနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

Epidural Steroid Injections ခေါ် ထိုးဆေးကုထုံးတစ်မျိုးသည် နာတာရှည် ခါးနာရောဂါပုံစံတချို့အတွက် အကျိုးကျေးဇူးရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

Epidural Steroid Injections ကုထုံးမှာ စတီးရွိုက်ဆေးများသို့မဟုတ် ကော်တီကိုစတီးရွိုက်ဆေးများကို ကျောရိုးအတွင်း ထိုးနှံပေးခြင်းဖြစ်သည်။

မိမိတို့၏ လက်တွေ့စမ်းသပ်မှုများအရ Epidural Steroid Injections ထိုးဆေး ကုထုံးသည် အချို့သော နာတာရှည်ခါးနာဝေဒနာ ပုံစံတချို့တို့အတွက် နာကျင်ကိုက်ခဲမှုဝေဒနာကို သုံးလထိ လျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သိရသည်။

ထို့ပြင် Epidural Steroid Injection ကုထုံးသည် လူနာတချို့အတွက် သွားရလာရ မသန်စွမ်းဖြစ်နေမှုကိုလည်း လျှော့ချပေးနိုင်ကြောင်းအမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် စတီးရွိုက်ကျောရိုးထိုးဆေးများ အသုံးချမှုနှင့်ပတ်သက်သည့် လေ့လာချက် ၉၀ တို့မှ အချက်အလက်များကို ဆန်းစစ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ခါးနာရောဂါသည် အဖြစ်အများဆုံးရောဂါဖြစ်ပြီး လူနာများ၏ နေ့စဉ် ဘဝလှုပ်ရှားမှုများအပေါ် ဆိုးကျိုးကြီးစွာ သက်ရောက်တတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Genesis Invitational ဂေါက်သီးရိုက် ပြိုင်ပွဲချန်ပီယံဆုကို လက်ဖစ်အဘက်ဆွတ်ခူး

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဖစ်အဘက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားမက်နယ်လေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် စကော့တီရှက်ဖလာနှင့် ပက်ထရစ်ရော်ဂျာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

လက်ဖစ်အဘက်သည် ပထမနေ့တွင် ရလဒ်မကောင်းခဲ့သော်လည်း ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံးရရှိခဲ့သောပြိုင်ပွဲဝင်အနက် တစ်ဦးဖြစ်ခဲ့ပြီးတတိယနေ့တွင် ရလဒ်အနည်းငယ်ပြန်လည်ကျဆင်းခဲ့သော်လည်း နောက်ဆုံးနေ့တွင် ရလဒ်အကောင်းဆုံးရရှိခဲ့သည့် ပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီးအစောပိုင်းနေ့များတွင် အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့သောပြိုင်ပွဲဝင်များက နောက်ဆုံးနေ့တွင် ရလဒ်မကောင်းခဲ့သည့်အတွက် လက်ဖစ်အဘက်က ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လက်ဖစ်အဘက်က "ဒီပြိုင်ပွဲမျိုးက စိတ်ပိုင်းဆိုင်ရာသာမကရုပ်ပိုင်းဆိုင်ရာမှာပါ အကောင်းဆုံးပုံစံမှာရှိနေဖို့က အရေးကြီးတယ်။ ကံကောင်းတာကလိုအပ်ချက်တွေ ကျွန်တော်မှာ ပြည့်စုံနေခဲ့တယ်။ ဒီလိုပြိုင်ပွဲမှာချန်ပီယံဆုကိုဆွတ်ခူးခွင့်ရခဲ့တာဟာ ကျွန်တော့်အတွက် အဓိပ္ပာယ် အများကြီးရှိပါတယ်။ ပြိုင်ပွဲမှာကစားနိုင်ခဲ့တဲ့ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာ အပြည့်အဝ အားရကျေနပ်မှုရှိခဲ့သလို ဂေါက်သီးရိုက်လောကမှာ ကျင်လည်နေတဲ့ ကာလတစ်လျှောက် စိတ်ခံစားမှုအကောင်းဆုံးခံစားခဲ့ရတဲ့ ပြိုင်ပွဲဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



# ၇၈ နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာမြင်းစီးနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြည်ထောင်စုတံခွန်စိုက်ဖလား မြန်မာ့ရိုးရာမြင်းစီးနှင့် နိုင်ငံတကာမြင်းစီးအားကစားဗိုလ်လုပွဲပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ဒဂုံမြို့သစ်(မြောက်ပိုင်း) မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် မြင်းစီးအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဗိုလ်လုပွဲများတွင် ဒုန်း(ပိုနီတန်း)၊ ဒုန်း(အငယ်တန်း)၊ ဒုန်း(အလတ်တန်း)၊ ဒုန်း(အကြီးတန်း) အသက် ၁၄ နှစ်အောက် Show Jumping၊ အသက်၁၄နှစ်မှ ၁၈နှစ် Show Jumping ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲအပြီး ဒုန်းအလတ်တန်း၊ ဒုန်းအငယ်တန်း၊ ဒုန်း Pony၊ မြန်မာ့ရိုးရာအသားကျ၊ ရိုးရာခေးရေးပြိုင်ပွဲ၊ ရိုးရာစက်ထိုးစီးနင်းပြိုင်ပွဲ (Tent Pegging)၊ အပြည်ပြည်ဆိုင်ရာ မြင်းစီးအားကစားပြိုင်ပွဲတွင် Children တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၄နှစ်အောက် Junior တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၄ နှစ်နှင့် ၁၈ နှစ်အတွင်း)၊ Youth တန်းခုန်ပြိုင်ပွဲ (အသက် ၁၆ နှစ်နှင့် ၂၁ နှစ်အတွင်း)၊ Senior တန်းခုန်ပြိုင်ပွဲ (အသက် ၂၁နှစ်အထက်)၊ Cross Country "အလွတ်တန်း" (အသက် ၁၆နှစ်အထက်)ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယ ရရှိကြသော အားကစားသမားများအား မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းတို့က ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်ကဒုန်းအကြီးတန်း၊ပထမ၊ဒုတိယ၊တတိယနှင့်ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် တံခွန်စိုက်ဆုရရှိသွားသော ဧရာဝတီတိုင်း ဒေသကြီးအသင်းအား ဆုဖလားချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ မြင်းစီးအားကစားသမားဦးရေ ၁၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ် ၂၅ ပွဲတွင် ရမှတ်အများဆုံးရယူနိုင်သည့် နည်းပြအဖြစ် စလော့မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

လီဗာပူးအသင်းက ဝုဗ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်အပြီးတွင် နည်းပြအာနီစလော့သည် ပွဲဦးထွက်ဘောလုံးရာသီ၌ ရမှတ်အများဆုံးရယူနိုင်သည့်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြစလော့သည် ဝုဗ်အသင်းကို အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲအပြီးတွင် ၁၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၆၀ထိရယူနိုင်ခဲ့သောကြောင့် ပွဲဦးထွက်ဘောလုံးရာသီတွင် ရမှတ်အများဆုံးရယူနိုင်သည့် နည်းပြအဖြစ်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီက ချဲလ်ဆီးအသင်းကို တာဝန်ယူခဲ့သည့် နည်းပြမော်ရင်ဟိုက အမှတ်ပေးပွဲ ၂၅ ပွဲအပြီးတွင် ရမှတ် ၆၄ မှတ်ရယူပြီးနောက်ပိုင်း လီဗာပူးအသင်းနည်းပြစလော့က ၂၅ ပွဲကစားခဲ့ရာ ရမှတ် ၆၀ ထိရယူနိုင်ခဲ့ပြီး နည်းပြမော်ရင်ဟိုနောက် အမှတ်ပေးအများဆုံးရယူနိုင်သည့် နည်းပြဖြစ်လာခဲ့သည်။

လီဗာပူးအသင်းသည် နည်းပြစလော့လက်ထက်တွင် အက်ဖ်အေဖလားပြိုင်ပွဲ၌ ပလိုင်းမောက်အသင်းကို ရှုံးနိမ့်ခဲ့၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရသော်လည်း ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့ကာ ၁၆ သင်းရှုံးထွက်အဆင့်သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML




# ဒီယက်ဇ်၏နေရာတွင် အစားထိုးရန် ဂေါ်ဒွန်ကိုခေါ်ယူမည်ဟု လီဗာပူးအသင်းထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

တိုက်စစ်မှူး ဒီယက်ဇ်သည် လီဗာပူးအသင်းတွင် ခြေစွမ်းပြကစားနေသော်လည်း ကစားသမားအနေဖြင့် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသောကြောင့် လာမည့်နွေရာသီတွင် ၎င်းနေရာတွင် နယူးကာဆယ်အသင်း တိုက်စစ်ကစားသမားဂေါ်ဒွန်နှင့် အစားထိုးမည်ဖြစ်ကြောင်း လီဗာပူးအသင်းက အတည်ပြုပြောကြားခဲ့သည်။

ဒီယက်ဇ်သည် ၂၀၂၂ခုနှစ် ဇန်နဝါရီလက ပေါ်တိုအသင်းမှလီဗာပူးအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၃၃ ပွဲတွင် သွင်းဂိုး ၃၇ဂိုးထိသွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းတိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်ကာ သွင်းဂိုး ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့သောကြောင့်ဥရောပအသင်းကြီးများနှင့် ဆော်ဒီပရိုလိဂ်ကလပ်အသင်းများ ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ လူငယ်တိုက်စစ်ကစားသမား ဂေါ်ဒွန်အနေဖြင့် လည်း ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၃၁ ပွဲတွင် သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြစလော့က ဂေါ်ဒွန်၏ကစားသမားပုံကို နှစ်သက်နေကာ ဒီယက်ဇ်ထွက်ခွာသွားပါက အစားထိုးနိုင်ရေး ပစ်မှတ်ထားနေကြောင်း သိရသည်။

လက်ရှိတွင် ကစားသမားကိုယ်တိုင်ကလည်း အသင်း၏စာချုပ်သစ်ကမ်းလှမ်းမှုကို တုံ့ပြန်မှုမရှိဘဲ အသင်းမှ ပြောင်းရွှေ့ရန်စီစဉ်နေသောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းထွက်ခွာသွားပါက ကာလရှည် စိတ်ဝင်စားနေသည့် နယူးကာဆယ် တိုက်စစ်ကစားသမားဂေါ်ဒွန်ကို အစားထိုးသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

Ref : Goal.com
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး ဗင်နီစီးယက်စ်အနေဖြင့် ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန် စီစဉ်ထားသောကြောင့် ၎င်းနေရာတွင် စပို့တင်းလစ္စဘွန်းတိုက်စစ်မှူးဂိုကာရက်စ်နှင့် အစားထိုးရန် ပစ်မှတ်ထားနေကာ ကစားသမား၏ ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် ၇၅ သန်းဖြစ်ကြောင်း သိရသည်။
- ❑ ဘုန်းမောက်အသင်း ခံစစ်ကစားသမား ဟူအီဆန်ကို ခေါ်ယူရန် လီဗာပူးအသင်းကြိုးပမ်းနေပြီး အသင်းမှထွက်ခွာမည့် ဗန်ဒိုက်၏နေရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ပီအက်စ်ဂျီအသင်းက မာဆေးအသင်းတိုက်စစ်မှူး ဂရင်းဝုဒ်ကို ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဖြင့်ခေါ်ယူရန်ကြိုးပမ်းနေသဖြင့် အပြောင်းအရွှေ့ဖြစ်မြောက်ပါက အသင်းဟောင်း မန်ယူအသင်းက ၅၀ ရာခိုင်နှုန်းအကျိုးခံစားခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲအသီးသီးရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် သက်ဟိန်းစိုး၊ ပွဲချိန် ၇၄မိနစ်တွင် ဘာကာယိုကို၊ ပွဲချိန် ၈၅ မိနစ်တွင် ဟီရိုတာတို့က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ သက်ဟိန်းစိုးက ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉မိနစ်တွင် ဥက္ကာနိုင်၊ ပွဲချိန် ၄၈မိနစ်တွင် ဇော်ဝင်းသိန်း၊ ပွဲချိန် မိနစ် ၆၀ တွင် ရန်ကျော်ထွေးနှင့် ပွဲချိန် မိနစ် ၇၀ တွင် အီစိုးတို့က အသီးသီး သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှဥက္ကာနိုင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# ATP Buenos Aires တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဘရာဇီးကစားသမား ဖွန်စီကာ ဆွတ်ခူး

**ဗျူနို့စ်အေရိစ် ဖေဖော်ဝါရီ ၁၇**

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့တွင်ကျင်းပခဲ့သောATP Buenos Aires တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဘရာဇီးဆယ်ကျော်သက်တင်းနစ်ကစားသမား ဖွန်စီကာနှင့် အာဂျင်တီးနားတင်းနစ်ကစားသမားစီရန်ဒိုလိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖွန်စီကာက (၆-၄ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ် အရွယ်သာရှိသေးသည့် ဖွန်စီကာသည် Tour လယ်ဗယ်တွင် သက်တမ်းတစ်လျှောက် ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဖွန်စီကာသည် အာဂျင်တီးနားအဆင့်(၁) တင်းနစ်ကစားသမားဖြစ်သည့် စီရန်ဒိုလိုအား ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိကစားခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သော Next Gen ATP Finals တင်းနစ်ပြိုင်ပွဲတွင်လည်းချန်ပီယံဆုအားဆွတ်ခူးခဲ့သည့်ကစားသမားဖြစ်သည်။

ဖွန်စီကာသည် Next Gen ATP Finals တင်းနစ်ပြိုင်ပွဲတွင်ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်း စွမ်းဆောင်ရည်ပိုင်းသိသိသာသာ တိုးတက်လာခဲ့သလို အာဂျင်တီးနားမြေတွင် အာဂျင်တီးနားအဆင့်(၁)တင်းနစ်ကစားသမားအား အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းအပေါ်တွင်လည်း ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

**Ref : RT**

**Trs : AZL**

# WBA Continental Americas စူပါလိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို မက္ကဆီကိုလက်ဝှေ့သမား အော်စကာဒူအာတီ ဆွတ်ခူး

**အန်နစဟိန်းမ် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အန်နစဟိန်းမ်မြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်က WBA Continental Americas စူပါလိုက်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမားအော်စကာဒူအာတီနှင့် တစ်နိုင်ငံတည်းသား လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် မက်ဂျူနိုတို့ထိုးသတ်ခဲ့ရာ အော်စကာဒူအာတီက အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အော်စကာဒူအာတီသည် သတ္တမမြောက်အချီတွင် မက်ဂျူနိုအား အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ချန်ပီယံခါးပတ်အား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အော်စကာဒူအာတီသည်နောက်ဆုံးထိုးသတ်ခဲ့သော စိန်ခေါ်ပွဲငါးပွဲတွင် ရှုံးပွဲတစ်ပွဲသာ ရှိခဲ့ပြီးနောက် ချန်ပီယံခါးပတ်ကိုဆွတ်ခူးရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မက်ဂျူနိုအနေဖြင့် နောက်ဆုံးထိုးသတ်ခဲ့သော စိန်ခေါ်ပွဲ ငါးပွဲတွင် နှစ်ပွဲသာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အော်စကာဒူအာတီက “အစောပိုင်းအချီတွေမှာ ကျွန်တော့်အနေနဲ့ ဖိအားတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ တတိယမြောက်အချီမှပဲအကောင်းဆုံးတုံ့ပြန်နိုင်ခဲ့တယ်။ တတိယအချီမှာ ကျွန်တော့်ရဲ့ Body Shot ထိုးချက်တွေက တော်တော်လေးထိရောက်ခဲ့တယ်။ ချက်ကောင်းထိသွားလို့ သတ္တမမြောက်အချီမှာ ကျွန်တော့်အနေနဲ့ ပြတ်သားတဲ့ရလဒ်တစ်ခုရရှိခဲ့တာ ဖြစ်ပါတယ်။ မက်ဂျူနိုဟာ ကျွန်တော့်ထက် အသက်ငယ်ပေမဲ့လဲ စိန်ခေါ်ပွဲကျတော့ ကျွန်တော့်ထက် ပွဲရေပိုများသလို အတွေ့အကြုံလဲပိုကောင်းတယ်။ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ WBA Continental Americas စူပါလိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကိုဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ Dasharath Stadiumတွင် မြန်မာအမျိုးသမီးအသင်းနှင့် လက်ဘနွန်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲကို အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့်အတူ မြန်မာအမျိုးသမီးအသင်း၊ လက်ဘနွန်အမျိုးသမီးအသင်းနှင့် ကာဂျစ်စတန်အမျိုးသမီးအသင်းတို့ ကစားသွားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်း အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ဂိုးကန်သွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအမျိုးသမီးအသင်းက ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၅၆ မိနစ်တွင် ဝင်းသီရိထွန်း၊ ပွဲချိန် ၇၁ မိနစ်တွင် ရွှေရည်ထွန်းနှင့် ပွဲချိန် ၇၅မိနစ်တွင် စန်းသော်သော်တို့က မြန်မာအမျိုးသမီးအသင်းအတွက် သွင်းဂိုးများ သွင်းယူနိုင်ခဲ့ပြီး လက်ဘနွန်အသင်းက တစ်ဂိုးတည်းသာ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက သုံးဂိုး တစ်ဂိုး အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို မြန်မာအမျိုးသမီးအသင်းမှ ဖြူဖြူဝင်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**



# ကွင်းလယ်ဒိုင်ကို ရိုင်းပျသည့် အပြောအဆိုကြောင့် ဘယ်လင်ဟမ် ၁၂ ပွဲပယ် ပြစ်ဒဏ်ကျခံနိုင်ဟုဆို

**မက်ဒရစ် ဖေဖော်ဝါရီ ၁၇**

ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် အိုဆာဆူနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ကွင်းလယ်ဒိုင်ကို စောဒကတက်မှုကြောင့် အနီကတ်ပြထုတ်ပယ်ခံရပြီး လက်ရှိတွင် ၁၂ ပွဲထိ ပြစ်ဒဏ်ကျခံရနိုင်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘယ်လင်ဟမ်သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ကာ ပွဲချိန် ၁၅မိနစ်တွင် အမ်ဘက်ပီ၏ ဦးဆောင်ဂိုးဖြင့် အနိုင်ရနေသော်လည်း ဘယ်လင်ဟမ်က ပွဲကစားချိန် ၃၉မိနစ်အရောက်တွင် ဗလင်စီယာအသင်းကစားသမားကို ပြစ်ဒဏ်ကျူးလွန်ခဲ့မှုကြောင့် ကွင်းလယ်ဒိုင်မွန်တာရိုက တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ချိန်တွင် ကွင်းလယ်ဒိုင်ကို ရိုင်းပျသည့် အသုံးအနှုန်းပြောဆိုခဲ့မှုကြောင့် ၁၂ ပွဲထိ အရေးယူခံရမည့်အရေးနှင့် ရင်ဆိုင်ခဲ့ရသည်။

နည်းပြ အန်ဆယ်လော့တီက မိမိကစားသမားအနေဖြင့် ကိုယ့်ကိုယ်ကိုယ်အပြစ်တင်သည့် အသုံးအနှုန်းသာ ပြောဆိုခဲ့ကြောင်း၊ ကွင်းလယ်ဒိုင်ကို ပြောဆိုခဲ့ခြင်း မဟုတ်ကြောင်း ကာကွယ်ပြောကြားထားသော်လည်း လာလီဂါဘောလုံးအဖွဲ့ချုပ်က အဆိုပါဖြစ်စဉ်ကို စစ်ဆေးမှုများ ပြုလုပ်နေပြီးပြစ်မှုထင်ရှားပါက ဘယ်လင်ဟမ်ကို ၁၂ ပွဲပယ်ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘယ်လင်ဟမ်ကိုယ်တိုင်ကလည်း ကွင်းလယ်ဒိုင်ကို ရိုင်းပျသည့် အပြောအဆိုပြောဆိုခဲ့ခြင်းမရှိဘဲ နားလည်မှုလွဲမှားခြင်းသာဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းကလည်း ကစားသမားအတွက် အယူခံတင်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Ref : Daily Mail**

**Trs : ML**

# နှစ်သက်စွဲလမ်း အံ့မခန်း ကော်ဖီစိုက်ဖို့ မျှော်ရည်မှန်း

**အာကာမောင်မောင်**

ကော်ဖီနဲ့ပတ်သက်လို့ လေ့လာကြည့်မိတဲ့အခါ ပထမဆုံးမြင်တွေ့မိတာက ဈေးကွက်ပဲဖြစ်ပါတယ်။ ဘယ်ကုန်ပစ္စည်းမဆို ဈေးကွက်က အဓိကကျလှပါတယ်။ ဈေးကွက်ရှိနေဖို့ဆိုတာကတော့ မိမိတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းရဲ့ အရည်အသွေးကောင်းမွန်မှု၊ ထုပ်ပိုးမှု၊ မျက်မြင်အရဆွဲဆောင်မှုနဲ့ ဈေးနှုန်းချိုသာမှုတို့ကလဲ ပါဝင်ရမဲ့ အချက်တွေဖြစ်ပါတယ်။ မြန်မာ့ကော်ဖီနဲ့ ပတ်သက်လို့ ပြည်ပနိုင်ငံပေါင်း ၁၄ နိုင်ငံကို တင်ပို့ရောင်းချနေတယ်လို့ သိရှိရတဲ့အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ လက်ရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံအပြင် ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးကိုလဲ ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

မြန်မာ့ကော်ဖီဟာ နိုင်ငံတကာကို တင်ပို့ရာမှာ အလားအလာရှိတဲ့ သီးနှံအမျိုးအစားဖြစ်နေပါတယ်။ ဒါ့ကြောင့်လဲ လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုထက် ပိုမိုတိုးချဲ့စိုက်ပျိုးကာ တင်ပို့ဖို့ ရည်ရွယ်ထားပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ် ကော်ဖီတန်ချိန် ၉၀၀၀ ကျော်ခန့် ထွက်ရှိပြီး ပြည်ပသို့ နှစ်စဉ်တန်ချိန် ၅၀၀၀ ကျော်တင်ပို့လျက်ရှိပါတယ်။ ပြည်ပဈေးကွက်ရှိတဲ့ ကုန်ပစ္စည်းဖြစ်တဲ့အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးတင်ပို့နိုင်ရေးကိုလဲ ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအနေအထားမှာတော့ မြန်မာ့ကော်ဖီကို အမေရိက၊ ဥရောပနဲ့အာရှဒေသ နိုင်ငံပေါင်း ၁၄ နိုင်ငံတင်ပို့နေသလို အထူးတန်းဝင် ကော်ဖီကို အမေရိကန်၊ ကနေဒါနဲ့ အီးယူနိုင်ငံတွေကို တင်ပို့လျက်ရှိပါတယ်။ အရည်အသွေးတစ်ဆင့်နိမ့်တဲ့ ကော်ဖီတွေကိုတော့ ဂျပန်၊ ကိုရီးယား၊ အာဆီယံနိုင်ငံတွေနဲ့ အခြားနိုင်ငံတွေကို တင်ပို့နေပါတယ်။ ပြင်ဦးလွင်နဲ့ ရှာင်းဒေသထွက် ကော်ဖီဟာ ကမ္ဘာ့အဆင့်မီကော်ဖီအဆင့် အသိအမှတ်ပြုခံထားရပြီးဖြစ်ပါတယ်။

မြန်မာ့ကော်ဖီကို ရှမ်းပြည်နယ်တွင်အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ ချင်းပြည်နယ်တို့မှာ စိုက်ပျိုးကြပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကော်ဖီစိုက်ပျိုးဧက ငါးသောင်းကျော်ရှိရာမှာ Arabica ကော်ဖီစိုက်ဧက ၃၈၀၀၀ ကျော်နဲ့ Robusta ကော်ဖီစိုက်ဧက ၁၂၀၀၀ ကျော်ရှိပါတယ်။ နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိ ခူးဆွတ်လေ့ရှိပြီး ပြည်ပဈေးကွက်သို့ ဧပြီလမှာ စတင်တင်ပို့ရောင်းချတယ်လို့ သိရှိရပါတယ်။

စိုက်ပျိုးရေးမှန်သမျှမှာ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုတဲ့ နည်းလမ်းလေးသွယ်ရှိပါတယ်။ ဒီလိုမျိုးနည်းလမ်းလေးသွယ်နဲ့ကိုက်ညီအောင် စိုက်ပျိုးကြမယ်ဆိုရင် ဘယ်သီးနှံမဆို အောင်မြင်ဖြစ်ထွန်းမှာပါ။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ကုန်ထုတ်လုပ်ငန်းမှန်သမျှ၊ စိုက်ပျိုးသီးနှံမှန်သမျှကို ကုန်ကြမ်းအဖြစ် ရောင်းချနေခြင်းထက် ကုန်ချောအဖြစ် အရည်အသွေးမီ ထုတ်လုပ်ရောင်းချကြမယ်ဆိုရင် မိမိတို့အတွက် ယခင်ရနေတဲ့ ငွေကြေးထက် အဆများစွာ ပိုမိုရရှိမှာဖြစ်ပါတယ်။ ထို့အတူ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတွေအနေနဲ့ ကော်ဖီကို နိုင်ငံရဲ့ ထုတ်ကုန်တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ်သွားကြရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ဒေသနဲ့ ကိုက်ညီတဲ့ဈေးကွက်ဝင်ကော်ဖီမျိုးစိတ်များ စိုက်ပျိုးရန်နဲ့ ဈေးကွက်ကို ရေရှည်တည်တံ့စေဖို့ အရည်အသွေးကောင်းမွန်တဲ့ ကော်ဖီတွေထုတ်လုပ်ဖို့ လိုအပ်လှပါတယ်။

နိုင်ငံအတွင်းမှာ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းတွေကို အားပေးဆောင်ရွက်နေတာဟာ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး လူမှုစီးပွားဘဝများ တိုးတက်စေဖို့ ဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးရေးကိုလဲ တိုးတက်အောင် ဆောင်ရွက်ကြမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေါ်ထွန်းလာမှာဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းကြောင့်

**❖မြန်မာနိုင်ငံမှာဆိုရင် ပြင်ဦးလွင်က ထွက်ရှိတဲ့ ကော်ဖီဟာ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တစ်ခုရရှိထားပြီး ဖြစ်ပါတယ်။ ကော်ဖီပင်မှာ နှစ်ရှည်စိုက်ပျိုးရတဲ့ အပင်ဖြစ်တဲ့အတွက် အစပိုင်းမှာ အပင်ပန်းခံကာ ပြုစုပျိုးထောင်ပေးထားပါက နောက်ပိုင်းမှာ အလိုက်သင့်ခူးဆွတ်သွားရုံသာဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးခြင်းဟာ အရိပ်ရအပင်များကိုပါ ထည့်သွင်းစိုက်ပျိုးရတာဖြစ်လို့ Green Economy ကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ ပြင်ဦးလွင်နန်းမြိုင် ကော်ဖီဟာ နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များမှာ နှစ်ခြိုက်မက်မောစွာ အသုံးပြုနေတဲ့ထိ ဈေးကွက်ဝင်လှပါတယ်။ ❖**

နိုင်ငံ့စီးပွားတိုးတက်ရေးနဲ့ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် ကော်ဖီကို နိုင်ငံတော်ရဲ့ ပို့ကုန်တစ်ခုအဖြစ် တိုးမြှင့်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကော်ဖီစိုက်ပျိုးရေးကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံ့စီးပွား၊ မိမိတို့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ကော်ဖီဟာ လူသုံးကုန်ပစ္စည်းအဖြစ် ပြည်တွင်းမှာရော ပြည်ပမှာပါ လူသုံးများနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် ပြင်ဦးလွင်က ထွက်ရှိတဲ့ ကော်ဖီဟာ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တစ်ခုရရှိထားပြီး ဖြစ်ပါတယ်။ ကော်ဖီပင်မှာ နှစ်ရှည်စိုက်ပျိုးရတဲ့အပင်ဖြစ်တဲ့အတွက် အစပိုင်းမှာ အပင်ပန်းခံကာ ပြုစုပျိုးထောင်ပေးထားပါက နောက်ပိုင်းမှာ အလိုက်သင့်ခူးဆွတ်သွားရုံသာဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးခြင်းဟာ အရိပ်ရအပင်များကိုပါ ထည့်သွင်းစိုက်ပျိုးရတာဖြစ်လို့ Green Economy ကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ ပြင်ဦးလွင်နန်းမြိုင်ကော်ဖီဟာ နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များမှာ နှစ်ခြိုက်မက်မောစွာ အသုံးပြုနေတဲ့ထိ ဈေးကွက်ဝင်လှပါတယ်။

ကော်ဖီကို လူတော်တော်များများ ဘာကြောင့် သောက်ကြရသလဲဆိုရင် ကဖင်းဓာတ်ပါဝင်မှုကြောင့် ကော်ဖီသောက်ရင် လူတွေမှာ စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွလာလေ့ရှိပါတယ်။ ဦးနှောက်ထဲမှာ အဒီနိုဆိုင်း (Adenosine) ဆိုတဲ့ ဟော်မုန်းတစ်မျိုးရှိပါတယ်။ သူဟာ လူတွေကို အနားယူဖို့ လှုံ့ဆော်ပေးတဲ့ ဟော်မုန်းဖြစ်ပါတယ်။ တစ်နေကုန်အလုပ်တွေလုပ်ပြီးရင် ညနေစောင်းတာနဲ့ လူကို အနားယူဖို့ အဲဒီဟော်မုန်းတွေ ထွက်လာပါတယ်။ ဒီဟော်မုန်းတွေ များလာရင် လူဟာ အိပ်ငိုက်လာမယ်၊ အိပ်ချင်စိတ်တွေ ထိန်းမရအောင် ဖြစ်လာမယ်။ အဲဒီအခါမှာ ကော်ဖီကို သောက်လိုက်ရင် ကဖင်းဓာတ်ဟာ ခန္ဓာကိုယ်အူနံရံကနေ တစ်ခဏချင်း စုပ်ယူပြီးတော့ ဦးနှောက်မှာရှိတဲ့ သွေးကြောတွေက တစ်ဆင့် Blood Brain Barrier ကို ဖြတ်ပြီး ဦးနှောက်ဆဲလ်တွေဆီကို ရောက်ပါတယ်။ ကော်ဖီသောက်လိုက်ရင် ပါဝင်တဲ့ ကဖင်းတွေဟာ အဒီနိုဆိုင်းတွေကို နှောင့်ယှက်ဖျက်ဆီးပစ်ပါတယ်။ ဒါကြောင့် အိပ်ငိုက်ခြင်းဆိုတာ မဖြစ်တော့ပါဘူး။

တစ်ခုသတိထားရမှာက ကော်ဖီသောက်ရင် နံနက်ပိုင်းကနေ ညဦးပိုင်းထိပဲ သောက်သင့်ပါတယ်။ အလွန်အမင်းညဥ့်နက်တဲ့အချိန် မသောက်သင့်ပါဘူး။ အိပ်မပျော်ပြန်ရင်လဲ လူရဲ့ ကျန်းမာရေးကို ထိခိုက်စေမှာဖြစ်ပါတယ်။ အိပ်သင့်တဲ့အချိန်မှာတော့ အိပ်ပျော်အောင် အိပ်ရမှာပါ။ ဒါ့ကြောင့်မို့ ည ၁၀ နာရီနောက်ပိုင်းမှာ ကော်ဖီလုံးဝမသောက်ပါနဲ့။ ကော်ဖီဟာ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ချက်ထဲမှာ မပါပါဘူး။ တစ်နေ့ဘယ်လောက်သောက်သင့်တယ်ဆိုတာ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ပညာရှင်များ လေ့လာတဲ့အခါမှာ ကဖင်းပေါ်မူတည်ပြီး သတ်မှတ်ပါတယ်။ ကဖင်းဓာတ်ဟာ တစ်နေ့ကို မီလီဂရမ် ၃၀၀ ထိ စိတ်ချလက်ချ သောက်သုံးနိုင်တယ်လို့ ဆိုပါတယ်။ ကော်ဖီတစ်ခွက်မှာ မီလီဂရမ် ၁၀၀ ပါတဲ့အတွက် တစ်နေ့ကို ကော်ဖီသုံးခွက်ထိ စိတ်ချလက်ချသောက်သုံးနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ အသက်အရွယ်ကြီးလာသူတွေအနေနဲ့ ကော်ဖီကို နေ့စဉ်သောက်သုံးသင့်ပါတယ်။ တစ်နေ့ကို နှစ်ခွက် သို့မဟုတ် သုံးခွက်သောက်တာဟာ အသက်ကြီးသူတွေအတွက် အကျိုးရှိတယ်လို့ ဒေါက်တာခင်မောင်လွင်ရဲ့ ဆောင်းပါးတစ်ခုမှာ ဖတ်လိုက်ရပါတယ်။ အသက်ကြီးသူတွေ ဘာကြောင့် သောက်သင့်သလဲဆိုရင် အသက်ကြီးလာတဲ့အခါမှာ Free radical တွေရဲ့ တိုက်ခိုက်မှုကြောင့် ဦးနှောက်မှာရှိတဲ့ ဆဲလ်တွေဟာ တဖြည်းဖြည်းနဲ့ ပျက်စီးလာပါတယ်။ အဲဒီအထဲမှာ Hydroxy radical တွေဟာ အဆိုးဆုံးဖြစ်ပါတယ်။ ကော်ဖီသောက်ရင် ကော်ဖီမှာပါတဲ့ Coffeeoyl-quinic acid ဟာ hydroxyl radical တွေကို ဖျက်ဆီးပေးတဲ့အတွက် ဦးနှောက်မှာရှိတဲ့ ဆဲလ်တွေ ပျက်စီးခြင်း မဖြစ်အောင် ကာကွယ်ပေးရာ ရောက်ပါတယ်။ ဒါ့ကြောင့် သတိမေ့ရောဂါတို့၊ မှတ်ဉာဏ်ချို့ယွင်းတာတို့ကအစ အယ်ဇိုင်းမားရောဂါလိုမျိုးထိ ကာကွယ်ရာမှာ များစွာ အထောက်အကူပြုပါတယ်။

ကော်ဖီထွက်တဲ့ ထိပ်တန်းငါးနိုင်ငံရှိတယ်လို့ သိရပါတယ်။ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှားနဲ့ ဟွန်ဒူးရပ်နိုင်ငံတို့ဖြစ်ပါတယ်။ အီသီယိုးပီးယား၊ အိန္ဒိယ၊ ယူဂန်ဒါ၊ မက္ကဆီကိုနဲ့ ပီရူးနိုင်ငံတို့ကလည်း အစဉ်လိုက် ကော်ဖီထွက်ရှိတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကော်ဖီလုပ်ငန်းလုပ်ကိုင်နေသူတွေအနေနဲ့လည်း မြန်မာ့ကော်ဖီ ကမ္ဘာ့အဆင့်မီရမည်ဆိုတဲ့စိတ်နဲ့ ကြိုးစားလုပ်ဆောင်ကြစေချင်ပါတယ်။ ကြိုးစားမှုရှိရင် အောင်မြင်မှုဆိုတာရှိလာမှာပါ။ အထူးသဖြင့် ဒီကနေ့ အခြေအနေမျိုးမှာ လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ ဆိုလိုချင်တာ နိုင်ငံတော်အစိုးရအနေနဲ့ လုပ်ငန်းတွေ လည်ပတ်နိုင်ဖို့ ငွေကြေးတွေ ထုတ်ပေးပါတယ်။ သီးနှံတွေ စိုက်ပျိုးဖို့ မြေနေရာတွေချထားပေးနေပါတယ်။

နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး၊ အစွမ်းကုန်ဖြည့်ဆည်းပေးနေတာမို့ ကော်ဖီလုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေအနေနဲ့ စိတ်နှလုံးဒုန်းဒုန်းချပြီး အောင်မြင်အောင် လုပ်ဆောင်ကြဖို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၁၅ ရက်က သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ အဲဒါကတော့ တောင်ကိုရီးယားနိုင်ငံရှိ ညီလာခံများနှင့် ပြပွဲများကျင်းပရေးစင်တာ (Convention & Exhibition Center – COEX)နှင့် ကိုရီးယားကော်ဖီအသင်းတို့ပူးပေါင်း၍ ဆိုးလ်မြို့တော် ကော်ဖီပြပွဲသို့ မြန်မာနိုင်ငံကို ဖိတ်ကြားတဲ့သတင်းဖြစ်ပါတယ်။ အဲဒီကော်ဖီပြပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်နေ့မှ ၅ ရက်နေ့ထိ ကျင်းပသွားမှာဖြစ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ တက်ရောက်လိုပါက အဆိုပြုလွှာပေးပို့ရန် ဖြစ်ပါတယ်။ ဒါဟာ ကော်ဖီသောက်သုံးမှုမြင့်မားတဲ့ တောင်ကိုရီးယားဈေးကွက်ကို ထိုးဖောက်နိုင်မယ့် အခွင့်အရေးတစ်ခုပါပဲ။

ကော်ဖီနဲ့ ပတ်သက်ရင်တော့ အားလုံးသိထားတာက ပြင်ဦးလွင်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြင်ဦးလွင်မှာ ကော်ဖီစိုက်ပျိုးနေတာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းကပါ။ ဒါကြောင့်လဲ ပြင်ဦးလွင်ရဲ့အမည်နာမထဲမှာ ကော်ဖီမြို့တော်ဆိုတာ ပါပါတယ်။ ကော်ဖီဆိုတာ နှစ်ရှည်ပင်မျိုးဖြစ်သလို တစ်နှစ်မှ တစ်ကြိမ်ပဲ သီးပါတယ်။ အသီးမှည့်တွေကို အကြိမ်ကြိမ်ခွဲပြီး ခူးကြရပါတယ်။ ဒေသအလိုက် ခူးဆွတ်ချိန်မတူပေမဲ့ ပြင်ဦးလွင်မှာတော့ နိုဝင်ဘာလကနေ မတ်လအတွင်း အသီးမှည့်တွေကိုရွေးပြီး အကြိမ်ကြိမ်ခူးရပါတယ်။ သတိထားရမှာတော့ ခူးရင် အညှာပါမခူးဖို့ လိုပါတယ်။ စိုက်ပျိုးတဲ့ အမျိုးအစားကတော့ အာရေးဗီးကားနဲ့ ရိုဘက်စတာဖြစ်ပြီး အာရေးဗီးကားကော်ဖီက အရွက်အပြားသေးပါတယ်။ ရိုဘက်စတာက အရွက်အပြားကြီးပါတယ်။ ဒါကတော့ အများနားလည်လွယ်ကူအောင် ပြောပြတာပါ။

မြန်မာနိုင်ငံမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးဆောင်လမ်းညွှန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ တိုးတက်လာနေတာအမှန်ပါပဲ။ ကော်ဖီနဲ့ ပတ်သက်လို့ ကော်ဖီမှာ အခြေခံစားသောက်ကုန်ဖြစ်နေသလို ကော်ဖီမှုန့်၊ ကော်ဖီစေ့၊ ဘလက်ကော်ဖီ၊ 2 in 1၊ 3 in 1 ဆိုတာတွေဟာ မြန်မာပြည်သူတွေနဲ့ ရင်းနှီးပြီးသားဖြစ်နေပါပြီ။ ကော်ဖီနဲ့ပတ်သက်လို့ ပြည်တွင်း၊ ပြည်ပဈေးကွက်လဲရှိတယ်။ စိုက်ပျိုးနိုင်တဲ့ အခြေအနေကောင်းတွေလဲရှိတယ်။ ဒါဆိုရင် ကျွန်တော်တို့အားလုံးလုပ်ဆောင်ရမှာက ကော်ဖီကို မြန်မာနိုင်ငံရဲ့အရည်အသွေးမြင့် ပို့ကုန်တစ်ခုဖြစ်လာအောင် မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို စနစ်တကျအသုံးပြုကာ တိုးမြှင့်ဆောင်ရွက်စိုက်ပျိုးကြဖို့ပဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

# ကံ့ကော်နီ ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ရုံတင်ပြသရန်ရှိနေ




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

စာရေးဆရာမင်းလူ၏ တက္ကသိုလ် နောက်ခံအချစ်ဇာတ်လမ်းတစ်ပုဒ်ကို ရုပ်ရှင်အဖြစ် ဖန်တီးပုံဖော်ထားသည့် ကံ့ကော်နီရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ရုံတင်ပြသရန်ရှိနေကြောင်း သိရသည်။

အဆိုပါ ကံ့ကော်နီရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမင်းလူ၏ လူသိများ ထင်ရှားသည့် တက္ကသိုလ် နောက်ခံ အချစ်ဝတ္ထုတစ်ပုဒ်ကို လွင်မင်းအံ့က ဇာတ်ညွှန်းရေးသားထားကာ ခရေဖြူ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာဝိုင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်းလည်း သိရသည်။

"စာရေးဆရာမင်းလူရဲ့အောင်မြင်တဲ့ တက္ကသိုလ်နောက်ခံ အချစ်ဝတ္ထုကို မူရင်းဝတ္ထု နာမည်အတိုင်း ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ တက္ကသိုလ် အချစ်ဇာတ်လမ်းတွေကို လွမ်းမောတမ်းတနေသူတွေ အတွက် တက္ကသိုလ်မြေကို အလွမ်းပြေ မြင်ရမှာ ဖြစ်သလို စက်မှုကျောင်းသူ ခင်မေတင့်နဲ့ ရန်ကုန်တက္ကသိုလ်က မြန်မာစာကျောင်းသား စိုးချစ်တို့ရဲ့ တက္ကသိုလ် ဇာတ်လမ်းတစ်ပုဒ်ကို မြင်ရမှာပါ"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြသည်။

ကံ့ကော်နီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ချမ်းမင်းရဲထွဋ်၊ အလင်းရောင်၊ ဖွေးဖွေး၊ ရွှေသမီးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် အယ်လ်ဆိုင်းဇီ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်ဖြစ်




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ကချင်တိုင်းရင်းသူ တေးသံရှင်တစ်ဦးဖြစ်သည့် တေးသံရှင် အယ်လ်ဆိုင်းဇီ ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် အယ်လ်ဆိုင်းဇီထံမှ သိရသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ဖေဖော်ဝါရီလ ၂၂ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး တေးသံရှင် အယ်လ်ဆိုင်းဇီ၏ သီဆိုဖျော်ဖြေ တင်ဆက်မှုများကို Judson Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၂၂ ရက် စနေညမှာတော့ ညနေ ၆ နာရီကတည်းက တေးချစ်သူတွေကို ဖျော်ဖြေဖို့ အသင့်ရှိနေမှာ ဖြစ်ပါတယ်။ အားလုံးရပြီးသား အလွမ်းသီချင်းလေးတွေနဲ့ ရန်ကုန်ဆောင်းညကို ဖြတ်သန်းသွားမှာပါ" ဟု တေးသံရှင် အယ်လ်ဆိုင်းဇီက ပြောပြသည်။

အဆိုပါ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ဖေဖော်ဝါရီ ၂၂ ရက် ညနေ၆ နာရီမှစတင်ကာ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ASH

# ၂၀၂၄ခုနှစ်အတွက် မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ် မြန်မာကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်ထိ ပုဂံမြို့တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၂၀၂၄ခုနှစ်အတွက် မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ် မြန်မာကို ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်ထိ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့တွင်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ သိရသည်။

အဆိုပါ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရပြီး အဆိုပါ အစီအစဉ်တွင် မဲခေါင်-လန်ချန်းဒေသမှ ပန်းချီ ဆရာများ ပါဝင်သည့် ပန်းချီပြပွဲကို ဖေဖော်ဝါရီ၂၅ ရက်တွင် ပုဂံမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ်အတွက် မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ် မြန်မာကိုတော့ ပုဂံမှာ လာမဲ့ ဖေဖော်ဝါရီ ၂၂ ရက်ကနေ ၂၈ ရက်ထိ ကျင်းပသွားဖို့ရှိပါတယ်။ ဒီအစီအစဉ်ထဲမှာမဲခေါင်-လန်ချန်း နိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေက အနုပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မဲ့ အနုပညာဖလှယ်မဲ့ အစီအစဉ်တွေ အများကြီးပါရှိတယ်။ ဒီအစီအစဉ်တွေထဲမှာ စောစောကပြောခဲ့တဲ့ နိုင်ငံတွေက ပန်းချီဆရာတွေ ရေးဆွဲထားတဲ့ ပန်းချီကားတွေကိုပြသမဲ့ ပန်းချီပြပွဲကြီးကိုတော့ ဖေဖော်ဝါရီ ၂၅ ရက်မှာ ပုဂံက ရှေးဟောင်းသုတေသနပြတိုက်မှာပြသသွားမှာ ဖြစ်ပါတယ်"ဟု အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက ပြောပြသည်။

အဆိုပါ မဲခေါင်-လန်ချန်းဒေသမှပန်းချီဆရာများပါဝင်သည့် ပန်းချီပြပွဲတွင် မြန်မာနိုင်ငံမှ ပန်းချီဆရာ ၁၂ ဦး၊ တရုတ်နိုင်ငံမှ ပန်းချီဆရာ ၄ ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ပန်းချီဆရာ ၄ ဦး၊ လာအိုနိုင်ငံမှ ပန်းချီဆရာ ၂ ဦး၊ ထိုင်းနိုင်ငံမှ ပန်းချီဆရာ ၄ ဦးနှင့် ဗီယက်နမ်နိုင်ငံမှပန်းချီဆရာ ၂ ဦး တို့၏ ပန်းချီလက်ရာများကို ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Odyssey ဇာတ်ကား၌ မင်းသား ကိုရေးဟော်ကင်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Odyssey ဇာတ်ကား၌ မင်းသား ကိုရေးဟော်ကင်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ရက် သတင်းများအရ သိရသည်။

The Odyssey ဇာတ်ကား၌ မင်းသား ကိုရေးဟော်ကင်းသည် မင်းသား မက်ဒါမွန်၊ တွမ်ဟော်လန်၊ ရောဘတ်၊ ပက်တင်ဆန်း မင်းသမီး အန်ဟေသာဝေး၊ ဇန်ဒါယာ တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် The Odyssey ဇာတ်ကား၌ မင်းသား ကိုရေးဟော်ကင်း သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။ မင်းသား ကိုရေးဟော်ကင်းသည် Colos Purple၊ The Tragedy of Macketh၊ Blackkiansman စသည့် နာမည်ကျော်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူ ဖြစ်သည်။

The Odyssey ဇာတ်ကားကို ဂရိကဗျာဆရာကြီး ဟိုးမား၏ The Odyssey မော်ကွန်းကဗျာကို အခြေခံ၍ ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က ရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Blood on Snow ဇာတ်ကား၌ မင်းသား ဘင်နီဒစ်ကမ်းဘားဘက် ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**


Blood on Snow အမည်ရှိ လျှို့ဝှက်သည်းဖိုမှုခင်း ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဘင်နီဒစ်ကမ်းဘားဘက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

Blood on Snow ဇာတ်ကားမှ မင်းသား တွမ်ဟာဒီ နုတ်ထွက်ခဲ့ရပြီးနောက် မင်းသားဘင်နီဒစ်ကမ်းဘားဘက်က တွမ်ဟာဒီ၏ နေရာတွင်ပါဝင်လာခြင်းဖြစ်ပြီး မင်းသား တွမ်ဟာဒီသည် မူလက Blood on Snow ဇာတ်ကားတွင် သရုပ်ဆောင်အဖြစ်ရော ထုတ်လုပ်သူအဖြစ်ပါဝင်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် ရိုက်ကူးရက် ညှိမရမှု ပြဿနာကြောင့် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

မင်းသား ဘင်နီဒစ်ကမ်းဘားဘက်သည် မင်းသား အေရွန်တေလာဂျွန်ဆင် မင်းသမီး အီဗာဂရင်း၊ အမ်မာလိုင်းယက် တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Blood on Snow ဇာတ်ကားကို ဒါရိုက်တာ ကာရီဖူကူနာဂါက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်းသိရပြီး အဆိုပါဇာတ်ကားမှာ နော်ဝေ စာရေးဆရာ ဂျိုနက်စဘို၏ အမည်တူ ဝတ္ထုကို အခြေခံ ရိုက်ကူးမည်ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်းသိရသည်။

Ref : Sputnik News
Trs : KKO



# Myanmar, China, and Thailand representatives discuss rapid repatriation of foreign nationals


Representatives from Myanmar, China, and Thailand discuss and coordinate to facilitate the rapid transfer of foreign nationals to their respective countries.


Representatives from Myanmar, China, and Thailand closely monitor foreign nationals who have unlawfully entered the country.


Representatives from Myanmar, China, and Thailand monitor foreign nationals who have unlawfully entered the country.


Representatives from Myanmar, China, and Thailand follow up on foreign nationals who have unlawfully entered the country.

**Nay Pyi Taw February 17**

Through certain neighboring countries, including Thailand, individuals have unlawfully entered Myanmar through border routes. Illegal online gambling, online fraud, and criminal activities were carried out in Myawady, Shwe Kokko and KK Park area. From January 30 to February 17, 2025, a total of 1,303 foreign nationals were identified and detained. The authorities responsible for legal procedures are currently working to transfer these detained foreign nationals to their respective countries following the appropriate legal procedures.

As such, the foreign nationals who unlawfully entered Myanmar are being swiftly dealt with in accordance with the law. Member of the Central Committee for the Supervision of Repatriation Deputy Minister for Home Affairs Maj-Gen Aung Kyaw Kyaw, and other responsible officials, along with the Deputy Minister of Public Security of the People's Republic of China, H. E. Mr. Liu Zhong Yi, and officials and General Secretary General Trisak Indararusmi of Thailand's Ministry of National Defense, and officials, arrived in Myawady this morning.

The collaborative team from the three countries is investigating and ensuring the proper detention of foreign nationals who entered via illegal routes into Myawady, Shwe Kokko and KK Park areas. They are reviewing the current detention conditions, personal information, and records of the individuals involved.

Representatives from the three countries met in Myawady and held a coordination meeting to facilitate the rapid transfer of detained foreign nationals to their respective countries. The meeting also focused on implementing a system to combat online fraud (Telecom Fraud) across the three countries, working together to eliminate telecom fraud zones in the Myawady region. Discussions were held on how to ensure a smooth process for transferring individuals involved in online fraud (Telecom Fraud) to their respective countries and resolving any issues related to this matter.

The government is actively investigating and effectively taking action against illegal online fraud activities. In addition, efforts are being made to prevent and combat illegal online gambling and financial fraud activities in the border regions of Myanmar. This includes cooperation with organizations from neighboring countries and international bodies to continue the investigation and enforcement actions. 100

# More than 20,000 acres of pigeon pea harvested in Wetlet Township

**Wetlet February 17**

Statistics of Wetlet Township Agriculture Department of Sagaing Region mentioned that a total of 22,365 acres of pigeon pea planted this monsoon has been harvested in Wetlet Township.

Local farmers planted 22,365 acres of pigeon pea in Wetlet Township. Starting from December 2024, harvest of pea was carried out, and so far, they have harvested all sown acreage of the pea, yielding 19.80 baskets per acre.

Daw Kyin San, Head of the township Agriculture Department explained: “At present, local farmers have harvested all 22,365 acres of pigeon pea in Wetlet Township. They exceeded the target cultivation of pigeon pea in the township. Our department helped local farmers boost per-acre yield of crops. Local farmers cultivated the crops in double and mix-cropping systems.”

Agricultural staff members made field trips to advise local farmers to choose quality strains of crops, agricultural techniques, prevention of pests and boosting per-acre yield of crops.

Officials of the Township Agriculture Department disseminated techniques of making natural fertilizers and pests with the use of raw materials obtained in the region to cut agricultural costs.

206


A pigeon pea plantation.

# 273 more foreign intruders to Myanmar uncovered and detained



Authorities collect personal information and documents from 273 foreign intruders to Myanmar uncovered and detained on 17 February, 2025.



Authorities collect personal information and documents from 273 foreign intruders to Myanmar uncovered and detained on 17 February, 2025.

**Nay Pyi Taw February 17**

As the government has been clamping down on criminal activities including online gambling and scams in border areas effectively, 273 more foreign intruders who entered Myawady - Shwe Kokko and KK Park through illegal routes were uncovered and detained today.

To repatriate the foreigners to their relevant countries as soon as possible, representatives from Myanmar, China and Thailand held trilateral talks and combined teams from relevant departments are collecting personal information and documents from them. A total of 1,303 foreign intruders to Myanmar were uncovered between 30 January to 17 February, 2025. 100

# More than 1,900 acres of green gram planted in Katha District this winter

**Katha February 17**

According to records from the Katha District Agriculture Department, a total of 1,920 acres of green gram (mung bean) cultivation has been completed in Katha District of Sagaing Region during the winter crop season.

For the 2024-2025 winter crop season, the district had planned to cultivate 2,000 acres of green gram. Cultivation began in October 2024, and as of today, 1,920 acres have been planted.

"The target for green gram cultivation in Katha District is 2,000 acres. So far, a total of 1,920 acres have been successfully cultivated. During the cultivation process, necessary technical assistance, quality seeds, and pest and disease control methods are being provided on the ground," said U Myint Soe, the head of the Katha District Agriculture Department.

With regard to growing green gram in Katha District, Katha Township has planted 507 acres of bean, Indaw Township, 407 acres, Htigyaing Township, 511 acres, and Bamauk Township, 495 acres, totalling 1,920.

For the entire 2024-2025 winter crop season, local authorities earmarked cultivation of 530 acres of green gram in Katha Township, 435 acres in Indaw Township, 525 acres in Htigyaing Township, and 510 acres in Bamauk Township, totalling 2,000 acres.

The respective township agriculture departments are supporting farmers by providing quality seeds suited to the local conditions, ensuring proper cultivation methods, preventing pest infestations, promoting systematic fertilizer use, and improving yield productivity.

Moreover, to enhance the quality and quantity of legume crop yields, relevant township agricultural offices are collaborating with farmers by supplying high-quality pure seeds, necessary inputs, and post-harvest techniques. 206



A thriving green gram plantation.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# U.S., Europe face widening rift over Ukraine crisis

**Munich February 17**

As the situation in Ukraine continues to evolve, the United States and its European allies have demonstrated increasing divisions regarding resolving the Ukraine crisis, a rift that became particularly pronounced at the just-concluded 61st Munich Security Conference (MSC).

Keith Kellogg, Ukraine envoy of U.S. President Donald Trump, told a conference event in Munich on Saturday that Europe would not have a seat at the negotiation table. "I think this is not going to happen," he said, although he confirmed that Ukraine would be involved.

Trump held a phone call with Russian President Vladimir Putin on Wednesday, during which they discussed immediately engaging in direct negotiations aimed at ending the three-year-long conflict between Russia and Ukraine.

Speaking to reporters afterward, Trump suggested he might meet Putin in Saudi Arabia.

The unexpected call caught European leaders off guard, sparking concerns that the United States could reach a deal with Russia that would compromise European security without their involvement.

In response, top foreign affairs officials from major European countries, including Germany, France and Poland, issued a joint statement, stressing that both Ukraine and Europe must be part of "any negotiation" regarding the Ukraine issue.

Also attending the MSC, Ukrainian President Volodymyr Zelensky cautioned on Saturday that the era of guaranteed American support for Europe is over, indicating that remarks made by U.S. Vice President J.D. Vance a day before signaled a shift in U.S.-Europe relations.

Vance had criticized Europe's approach to democracy and immigration in Munich, stating that the greatest threat to the continent came from within. His comments provoked a strong backlash from European leaders.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဖိလစ်ပိုင်က အိန္ဒိယထံမှ BrahMos သဘော်ဖျက်ဒုံးကျည်များနှင့် ရေငုပ်သဘော်နှစ်စီးဝယ်ယူရန် ကြိုးပမ်းလျက်ရှိ



ဖိလစ်ပိုင်နိုင်ငံသည် တပ်မတော် အဆင့်မြှင့်တင်ခေတ်မီရေး တစ်စိတ်တစ်ပိုင်းအနေဖြင့် ကာကွယ်ရေးစွမ်းရည်များ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ကြိုးပမ်းလျက်ရှိပြီး အိန္ဒိယနိုင်ငံထံမှ BrahMos သဘော်ဖျက်ဒုံးကျည်များနှင့် ရေငုပ်သဘော်နှစ်စီး ဝယ်ယူသွားရန် ကြိုးပမ်းလျက်ရှိကြောင်း Army Recog-nition သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လုပ်ဆောင်နေမှုများသည် ဖိလစ်ပိုင်နိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်တည်ချက်ကို အားကောင်းစေရန်နှင့် ဒေသတွင်း တရုတ်နိုင်ငံ၏စစ်ရေးအင်အား လွှမ်းမိုးမှုများအပေါ်တန်ပြန်ရန် ကြိုးပမ်းလာမှုများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံသည် ကာကွယ်ရေးစွမ်းရည်ကို လာမည့်ဆယ်စုနှစ်အတွင်း အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ ခွဲဝေချပေးထားသည့် Horizons ဟုအမည်ပေးထားသော ခေတ်မီစစ်ဘက်အဆင့်မြှင့်တင်ရေး ပဏာမခြေလှမ်း၏ တတိယအဆင့်တွင် ရောက်ရှိနေပြီဖြစ်သည်။

အထူးသဖြင့် ကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရသည့် ကျွန်းစုများ၏ ပထဝီအနေအထားကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်အတွက် မရှိမဖြစ်လုပ်ဆောင်ရန် လိုအပ်သည်ဟု ယူဆ၍ ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။

"အနည်းဆုံး ရေငုပ်သဘော် နှစ်စီး လောက်ဝယ်နိုင်ဖို့ဟာ ကျွန်တော်တို့အတွက် အိပ်မက်တစ်ခုပါပဲ။ ကျွန်တော်တို့က ကျွန်းစုနိုင်ငံတစ်ခုပါ။ ဒါကြောင့် ရေငုပ်သဘော်မပါဘဲ ကျွန်းစုတစ်ခုလုံးကို ကာကွယ်ဖို့က တကယ်ကိုခက်ခဲတဲ့အတွက် ဒီလိုစွမ်းဆောင်နိုင်မှုမျိုး လိုအပ်တယ်"ဟု ဖိလစ်ပိုင်တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Romeo Brawner က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံထံမှ ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေး စစ်လက်နက်ပစ္စည်း၊ နည်းပညာများ ဝယ်ယူမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်ဖိုးရှိ BrahMos ဒုံးကျည်များ ဝယ်ယူရေးမှ အစပြုခဲ့ခြင်းဖြစ်သည်။ လာမည့်နှစ်များတွင် လွှဲပြောင်းပေးပို့နိုင်ဖွယ်ရှိသည့် ဤအဆင့်မြင့် ဒုံးကျည်အတွက် ထပ်မံ၍အမှာစာများပေးပို့ခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရဘက်က အတည်ပြုပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ BrahMos ဒုံးကျည်တွေကို ဒီနှစ်ထဲမှာ လက်ခံရရှိဖို့ ရှိနေပြီး နောက်နှစ်တွေမှာလဲ ထပ်မံလက်ခံ ရရှိသွားအုံးမှာပါ"ဟု Brawner က ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ၏ ကာကွယ်ရေးအခြေခံ အဆောက်အအုံများ ပိုမိုခိုင်မာစေရန်အတွက် ဖိလစ်ပိုင်နိုင်ငံသည် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းအားများ အဆင့်မြှင့်တင်ရန် တာလတ်ပစ်ဒုံးကျည်များနှင့် တိုက်လေယာဉ် အစင်း ၄၀ ကိုလည်း ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း တောင်ကိုရီးယားထံမှ ကော်ဗက်စစ်ရေယာဉ်နှစ်စီး လက်ခံရရှိရန်မျှော်မှန်းထားပြီး နိုင်ငံ၏ ရေကြောင်းစွမ်းအားများ ပိုမို အားကောင်းလာစေမည်ဖြစ်သည်။ တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံကြား ဆက်ဆံရေးခိုင်မာလာခြင်းဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် ၂၀၂၄ ခုနှစ်တွင် တည်ဆောက်လာနိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အတွင်း အခိုင်အမာလုပ်ဆောင်မှုများ ရင်ဆိုင်နေရချိန်တွင် ၎င်း၏ရေပိုင်နက်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ပြီး ဒေသတွင်းလုံခြုံရေးစိန်ခေါ်မှုများကို တုံ့ပြန်နိုင်စေရန် စစ်ရေးအင်အား တည်ဆောက်မှုများကို ဆက်လက်လုပ်ဆောင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**Philippines Seeks to Expand Its Maritime Capabilities With Acquisi-tion of Two Submarines** ကို ဘာသာပြန်ဆိုထားပါသည်။

## ဗြိတိန်နှင့် အိန္ဒိယက ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်ကို အိန္ဒိယတပ်မတော်သို့ ပူးတွဲပံ့ပိုးပေးသွားမည်

ဗြိတိန်နိုင်ငံ Thales ကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံ Bharat Dynamics Limited (BDL) ကုမ္ပဏီတို့သည် လေဆာလမ်းညွှန်ထိန်းကျောင်းရေးစနစ်သုံး ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ် (LB-RM) ပထမတစ်သုတ်ကို အိန္ဒိယ တပ်မတော်သို့ ပူးတွဲပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အလျင်နှုန်းမြင့်မားစွာ ပျံသန်းတိုက်ပွဲဝင်နိုင်မည့် High Velocity Missiles (STARStreak)ဒုံးကျည်များနှင့် ၎င်းတို့၏ ဒုံးပစ်လောင်ချာများကို ယခုနှစ်အတွင်း ပို့ဆောင်ပေးရန်စီစဉ်ထားပြီး အိန္ဒိယနိုင်ငံတွင် STARStreak ဒုံးကျည်ကို ပထမဆုံး အကြိမ် စတင်အသုံးပြုမှုလည်းဖြစ်သည်။ အဆိုပါ LBRM စီမံကိန်းအတွက် Thales ကုမ္ပဏီ နှင့်BDL ကုမ္ပဏီသည် နှစ်နိုင်ငံ အစိုးရများ၏ ကျောထောက်နောက်ခံပြုမှုများနှင့်အတူ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မိတ်ဖက်လုပ်ဆောင်မှုသည် အိန္ဒိယနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ထိရောက်စွာတိုက်ပွဲဝင်နိုင်မှုနှင့် ရန်သူ့တန်ပြန်အီလက်ထရွန်နစ်လုပ်ဆောင်မှုများကို ခံနိုင်ရည်မြင့်မားသည်ဟု လူသိများသော STARStreak ပခုံးထမ်းဒုံးကျည်စနစ်ဖြင့် အားဖြည့်ပေးရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

Thales ကုမ္ပဏီနှင့် ကာကွယ်ရေးအခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်၍ အနာဂတ်တွင် LBRM ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးစနစ်များ ပံ့ပိုးပေးနိုင်လာမည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ဤအစီအစဉ်သည် နှစ်နိုင်ငံအစိုးရများ၏ Make in India မူဝါဒ၊ အလွယ်တကူ စီးပွားကူးသန်းလုပ်ဆောင်နိုင်ခြင်း၊ Aatmanirbhar Bha-rat အစီအစဉ်များနှင့် လိုက်လျောညီထွေဖြစ်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကာ Thales ကုမ္ပဏီကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ BDL ကုမ္ပဏီ ဥက္ကဋ္ဌနှင့် မန်နေးဂျင်းဒါရိုက်တာ ရေတပ်ဗိုလ်မှူးချုပ်(အငြိမ်းစား)A Mad-havarao (ret.) က ပြောကြားခဲ့သည်။



အဆိုပါ ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးစနစ်သည် တောင်ပံပုံသေတပ် မြေပြင်တိုက်ခိုက်ရေးလေယာဉ်များ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၊ ဒရုန်းများအပါအဝင် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို အကောင်းမွန်ဆုံး တုံ့ပြန်တိုက်ခိုက်နိုင်လိမ့်မည်ဖြစ်ကြောင်း Thales ကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်။

မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အိန္ဒိယနိုင်ငံက စနစ်အစိတ်အပိုင်းများ၏ ၆၀ ရာခိုင်နှုန်း ထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး နည်းပညာလွှဲပြောင်းပေးအပ်မှုလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အိုင်ယာလန်မြောက်ပိုင်း Belfast မြို့ရှိ Thales ကုမ္ပဏီတွင်လည်း ထုတ်လုပ်မှုများ တိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုမျိုး စိတ်လှုပ်ရှားစရာကောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အိန္ဒိယနဲ့ ကျွန်တော်တို့ရဲ့ ကာကွယ်ရေး၊ မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နေတဲ့ နည်းလမ်းတွေထဲက တစ်ခုပါပဲ။ အိန္ဒိယနိုင်ငံရဲ့ လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်နဲ့ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို ပံ့ပိုးပေးနေသလို ဒီသဘောတူညီချက်ဟာ အစိုးရရဲ့တိုးတက်ဖွံ့ဖြိုးမှု၊ အပြောင်းအလဲ ဖော်ဆောင်တဲ့နေရာမှာ တစ်ထောင့်တစ်နေရာက မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း သက်သေပြနေတာလဲ ဖြစ်ပါတယ်"ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီး Vernon Coaker က ပြောကြားခဲ့သည်။

**Thales-BDL to Supply STAR-streak Man Portable Air Defense Missile to India** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဗန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၅၂၁ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၅၂၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၂၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၆၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၅၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။မုန်ညင်း၊ငရုတ်၊နံနံ၊အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့နည်းပညာတွေပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်များ အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မား တိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်းဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ မနောသုခဆန် တင်းရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်ကအခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းကနေ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ဝင် တစ်အိတ်လျှင်ငွေကျပ်၉၃၀၀၀ထိ ပေါက်ဈေးရှိနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# သာယာဝတီမြို့နယ် အသနော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သာယာဝတီ ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အသနော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့်ဝန်ထမ်းများက အသနော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က လိုအပ်သည်များ မှာကြားသည်။

အသနော်ကျေးရွာ၌ အနက်ပေ ၂၀၀၊ အကျယ် လေး လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၂၇ ဒသမ ၇၇၅ သန်းဖြင့် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သုတ


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တွေ့ဆုံ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယမန်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်)မှကျမ်းစာအုပ်များကို Soft Copy ရရှိရေး ဆောင်ရွက်လျက်ရှိကြသော သာသနာပြုရဟန်းတော်များ၊ ၁၉၈၀ ပြည့်နှစ်ကတည်းက အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ကြသည့် ပိဋကတ်တော်ကျမ်းများကို ပြန်လည်စိစစ်တည်းဖြတ်လျက်ရှိကြသော ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အင်္ဂလိပ်ဘာသာပြန်ဆိုရန်ကျမ်း ၅၃ ကျမ်းအနက် ဘာသာပြန်ပြီး ကျမ်း ၄၆ ကျမ်းမှာ ၂၈ ကျမ်းကို ယခင်က ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ယခုကျမ်း ရှစ်ကျမ်းကို ထပ်မံစိစစ်တည်းဖြတ်ပြီးဖြစ်၍ စုစုပေါင်း ကျမ်း ၃၆ ကျမ်း ဘာသာပြန်ဆိုပြီးဖြစ်ကြောင်း၊ ဘာသာပြန်ဆိုရန်ကျန်ရှိသည့် ကျမ်း ခုနစ်ကျမ်းကို တက္ကသိုလ်လေးခုမှ ဘာသာပြန်ဆိုပေးနိုင်ရေး ဇန်နဝါရီ ၂၃ ရက်တွင် နေပြည်တော်၌ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)က ပေဋကောပဒေသကျမ်းနှင့် ကထာဝတ္ထုကျမ်းကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)က နေတ္တိကျမ်းနှင့်ဇာတကကျမ်း(ဒုတိယတွဲ)အပြင် ဘာသာပြန်ဆိုပြီးဖြစ်သည့် ယမိုက်ကျမ်းတွင် ထပ်မံဖြည့်စွက်ရန် လိုအပ်လျက်ရှိသော အထက်ကျမ်း၏ အပိုင်းလေးပိုင်းကိုလည်းကောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က စူဠနိဒ္ဒေသကျမ်းနှင့်မဟာနိဒ္ဒေသကျမ်းကိုလည်းကောင်း၊ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်က ပရိဝါရကျမ်းနှင့်ဇာတကကျမ်း(ပထမတွဲ)တို့ကိုလည်းကောင်း ဘာသာပြန်ဆိုရန် ခွဲဝေခဲ့ကြပါကြောင်း၊ ပိဋကတ်ဘာသာပြန်ဆိုသည့် လုပ်ငန်းစဉ် ငါးရပ် အောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် လိုအပ်ချက်များအားလုံးကို ကူညီဖြည့်ဆည်းသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပိဋကတ်ဘာသာပြန်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေနှင့်ပတ်သက်၍ ပိဋကသုံးပုံပါဠိတော်ကျမ်းများ အင်္ဂလိပ်ဘာသာပြန်ဆိုထုတ်ဝေပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ဆရာတော်များနှင့် ပိဋကတ်ဘာသာပြန်စာတည်းကော်မတီမှ ဆရာကြီး၊ဆရာမကြီးများက တက္ကသိုလ်လေးခုသို့ ခွဲဝေဘာသာပြန်ဆိုမည့်ကျမ်း ခုနစ်ကျမ်းကို အချိန်မီပြီးစီးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်များနှင့် ပိဋကတ်ဘာသာပြန်စာတည်းကော်မတီမှ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများကို အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကြာမီ အတန်းတင်စာမေးပွဲများနှင့်တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ ဒေသအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များတွင် စာမေးပွဲဖြေဆိုရာ၌ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ အမှားအယွင်းမရှိအောင် အထူးဂရုပြု၍ အလေးထားကြပ်မတ်ဆောင်ရွက်ရန်နှင့် ပါရဂူကျမ်းများနှင့် မဟာတန်းပရောဂျက်စာတမ်းများတွင် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်ရောက်ပါက လည်း ကျောင်းသား၊ကျောင်းသူများအတွက် အကျိုးရှိမည့်နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများဖြစ်စေရန် မိမိဘာသာရပ်ဆိုင်ရာစာပေများကို အမြဲမပြတ် ဖတ်ရှုလေ့လာဆည်းပူးနေရန်လိုကြောင်း၊ လာမည့်ပညာသင်နှစ်တွင် (KG+9) အခြေခံပညာ အလယ်တန်းအဆင့်ထိ ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းအတွင်းသို့ရောက်ရှိရေး အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ဟူသော ဆိုရိုးအတိုင်း မိမိတို့နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆရာ၊ ဆရာမများအားလုံး အင်တိုက်အားတိုက် ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့က သင်ကြားရေး၊ ကျောင်းအပ်နှံရေးနှင့် ကျောင်းလခပေးသွင်းရေး၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာပြီးမြောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ






**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိမြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာများနှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများ ယုံကြည်စိတ်ချရသော နိုင်ငံပိုင်ဘဏ်ကြီးဖြစ်၍ ပြည်သူများက အပ်ငွေများတိုးမြှင့်အပ်နှံလာရေး၊ အပ်ငွေများကို ထိရောက်စွာအသုံးချပြီး အရည်အသွေးပြည့်ဝသည့် ချေးငွေများကို ဘဏ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထုတ်ချေးရေးနှင့် ချေးငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးအတွက် မန်နေဂျာများက စဉ်ဆက်မပြတ်ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြရန်၊ ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်စေရေး၊ ကြွေးကျန်များ လျော့နည်းကျဆင်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီကြီးကြပ်နိုင်ရေးအတွက် ဘဏ်တွင်းစာရင်းစစ်ဌာနခွဲမှ ဘဏ်ခွဲများကို ပုံမှန်စစ်ဆေးခြင်း၊ သွားလာရန်ခက်ခဲသည့်ဘဏ်ခွဲများအား Off-site စနစ်ဖြင့်စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ငွေကြေးမသမာမှုများနှင့် အလွဲသုံးစားမှုများကို အချိန်မီထိရောက်စွာကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ ပြည်သူများ ဘဏ်နှင့်အကျွမ်းတဝင်ရှိလာပြီး ဘဏ်လုပ်ငန်းတွင် ယုံကြည်မှုရှိစွာဖြင့် အားလုံးပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူများအားဘဏ်လုပ်ငန်းဆိုင်ရာအသိပညာနှင့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုရရှိခံစားစေရန် ကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် မှာကြားသည်။

မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပူးပေါင်း၍ ဘဏ်လုပ်ငန်းဆိုင်ရာစာတမ်းဖတ်ပွဲများ အပါအဝင် ကဏ္ဍအလိုက်ဆွေးနွေးမှုများကို ဖေဖော်ဝါရီ ၂၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၌ကျင်းပသည့် ၉ ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံ The Times Group ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်ထိကျင်းပသည့် ၉ ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုနှင့် အခွင့်အလမ်းများ ဆွေးနွေးနိုင်ရန်၊ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများထုတ်ဖော်ရန်၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုများကို မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။




ဆွေးနွေးပွဲ ပထမရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အယ်လ်ဘေးနီးယားနှင့် သီရိလင်္ကာနိုင်ငံတို့မှ စီးပွားရေးနှင့် စက်မှုဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ''Global Cooperation in a Polarized World '' ခေါင်းစဉ်ဖြင့်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် စကားဝိုင်းဆွေးနွေးသူ Panelist အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးသည် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းများ၊ ပြောင်းလဲလာနိုင်ခြေရှိသည့် စီးပွားရေးဆိုင်ရာမူဝါဒများ၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အားပေးဖိတ်ခေါ်နေသည့် အခြေအနေများကို အလေးထားဆွေးနွေးပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အိန္ဒိယနိုင်ငံစီးပွားရေးမဟာဗျူဟာ မျှော်မှန်းချက်များကို ထုတ်ဖော်ပြောကြားသည့် အခမ်းအနားသို့တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ထိပ်သီးဆွေးနွေးပွဲတက်ရောက်သည့် ကိုယ်စားလှယ်များကို တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိပ်သီးဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များတွင်လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲအတွင်း နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ကမ္ဘာ့စီးပွားရေးခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလအတွင်း ကြံ့ကြံ့ခံဆောင်ရွက်နိုင်မှုမှစ၍ စက်မှုလုပ်ငန်း ၅ဒသမ၀ ပေါ်ထွက်လာသည့်အခြေအနေ၊ ကမ္ဘာလုံးဆိုင်ရာငွေကြေးမူဝါဒပြောင်းလဲမှုများ၊ စွမ်းအင်လုံခြုံရေးနှင့် အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် တက်ကြွစွာဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ဦးရေ ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်း၌ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။









တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

ရှေ့ဖုံးမှအဆက်

သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို တစ်ထောင့်တစ်နေရာကထမ်းဆောင်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတာကြောင့် ဒီဥပဒေပြဋ္ဌာန်းတာဟာ မဖြစ်မနေရှိသင့်တဲ့ ပြဋ္ဌာန်းချက်တစ်ခုပဲလို့ ထင်မြင်မိပါတယ်။ နောင်လာမယ့် ညီငယ်တွေလည်း ဒီသင်တန်းကို လာရောက်တက်သင့်တယ်



လို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော့်ရဲ့ရည်ရွယ်ချက်က အဓိကကတော့ မြန်မာနိုင်ငံသားတစ်ယောက်ပီပီ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ဝတ္တရားအရ ကျွန်တော်တို့ ဒါကိုတက်ကိုတက်ရမယ့် နိုင်ငံသားဥပဒေပါတဲ့အတွက်ကြောင့် ဒီမှာတက်ရောက်တာဖြစ်ပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ တာဝန်သိ တာဝန်ယူတဲ့စိတ်နဲ့ လာပြီး တာဝန်ထမ်းဆောင်တာဖြစ်ပါတယ်ခင်ဗျာ" ဟု ပြောသည်။

"ကျွန်တော့် ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ချမှတ်ထားတဲ့ ဥပဒေတိုင်း



ကို မြန်မာနိုင်ငံသားတိုင်း လိုက်နာရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီဥပဒေကို လိုက်နာတဲ့အနေနဲ့ ဒီသင်တန်းကိုလာရောက်တက်ရောက်တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးတဲ့အတွက် ကျွန်တော့်အမြင်ကတော့ အရမ်းကောင်းတယ်လို့မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေ တော်တော်များများမှာလည်း စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြတာပါ။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲနဲ့



တခြားနိုင်ငံတွေပါ ကျင့်သုံးနေတာဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကောင်းလည်းကောင်းတယ်၊ လက်လည်းလက်ခံပါတယ်" ဟု ပြောသည်။ (၅၀၁)

# ၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၁၂ ဌာနတို့၌ ဖြေဆိုသူ ၁၄၀၅၄ ဦး၊ အောင်မြင်သူ ၁၁၆၁၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၉၃၄ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-လျင်/၃၈ ဒေါက်တာယဉ်မင်းထက် သန်လျင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၂) **ဒုတိယ**

ခုံအမှတ်-တဥ/၁၁ ဒေါက်တာအိအိကျော် တောင်ဥက္ကလာပစာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၃) **တတိယ**

ခုံအမှတ်-သရ/၄ ဒေါ်မေသော်တာ သရက်စာဖြေဌာန မကွေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၉ ဌာနတို့၌ ဖြေဆိုသူ ၂၂၂၅ ဦး၊ အောင်မြင်သူ ၁၅၂၇ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၂၉၄ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-ခသ/၄ ဒေါ်ခင်လေးနွယ် ချမ်းမြသာစည်စာဖြေဌာန မန္တလေးတိုင်းဒေသကြီး၊

(၂) **ဒုတိယ**

ခုံအမှတ်-လှိုင်/၂၆ ဒေါက်တာမြင့်မြင့်စန်း လှိုင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၃) **တတိယ**

ခုံအမှတ်-ပြည်/၁၂ ဒေါ်ဇာဇာဝင်း ပြည်စာဖြေဌာန ပဲခူးတိုင်းဒေသကြီး။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၇ ဌာနတို့၌ ဖြေဆိုသူ ၁၅၅၈ ဦး၊ အောင်မြင်သူ ၁၁၉၄ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၄၇ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-ခရ/၁၄ ဒေါ်သင်းသင်းထွေး ခရမ်းစာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၂) **ဒုတိယ**

ခုံအမှတ်-ဒိုက်/၅ ဒေါ်စောမြတ်စန္ဒာ ဒိုက်ဦးစာဖြေဌာန ပဲခူးတိုင်းဒေသကြီး၊

(၃) **တတိယ**

ခုံအမှတ်-ပုလော/၃ ဒေါ်ကေသီဝင်း ပုလောစာဖြေဌာန တနင်္သာရီတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.com၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အရည်အချင်းစစ် စာမေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ၏ မူလတန်းနှင့် အလယ်တန်း အရည်အချင်းစစ် (ရေးဖြေ)စာမေးပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီမှ နံနက် ၁၀ နာရီခွဲထိ တစ်နိုင်ငံလုံးရှိ စာဖြေဌာနအားလုံး တစ်ပြိုင်တည်း ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အသက်သတ်မှတ်ချက်ရှိပြီး ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများသည် အသက် ၁၂ နှစ် ၆ လအောက်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများသည် အသက် ၁၂ နှစ် ၆ လအထက်မှ အသက် ၁၅ နှစ် ၆ လအတွင်း ဖြစ်ရမည်ဖြစ်ကြောင်းနှင့် အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်တောင်းခံလွှာများကို ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ သက်ဆိုင်ရာ စာဖြေဌာနများတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲသည် ကျေးဇူးတော်အရှင် မင်းကွန်းတိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် ခြောက်တွဲ ရှစ်အုပ်ကို ပြဋ္ဌာန်းမှုအဖြစ်ထားရှိပြီး အဘိဓမ္မာ၊ ယဉ်ကျေးမှု၊ ဝေဒင်၊ ဇာတ်တော်၊ အထွေထွေ အစရှိသည့် ခေါင်းစဉ်အမျိုးအစား ခုနစ်မျိုးမှ မေးခွန်းပေါင်း နှစ်ထောင်ကျော်ကို လေ့လာကျက်မှတ်ကာ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုယှဉ်ပြိုင်ရခြင်းဖြစ်သည်။

စာစစ်ဌာနအလိုက် အောင်စာရင်းများကို ဗဟိုအတည်ပြုစနစ်ဖြင့် ထုတ်ပြန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးကိုယ်စားပြုအဆင့် ဂုဏ်ထူး၊ ရိုးရိုး၊ ဗဟိုအဆင့် ဗုဒ္ဓဝံသဝိသာရဒ ၂၆ ဦး၊ နောက်ဆုံးအဆင့် ပထမဆုရှင်နှင့် ဗုဒ္ဓဝံသဗဟုသုတဓရ တစ်ဦးတို့ကို ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော(President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲတွင် Tour Pro အဆင့် ၃၆ ဦး၊ Senior Pro အဆင့်၂၈ ဦး၊ ဝါသနာရှင်အဆင့်ကိုးဦး စုစုပေါင်းအားကစားသမား ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဖေဖော်ဝါရီ ၂၀ ရက်ထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်ထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးအစည်းအဝေးကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ တက်ရောက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများက Inperson ဖြင့်လည်းကောင်း၊ Video Conferencing စနစ်ဖြင့်လည်းကောင်း တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)က မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီက ဆောင်ရွက်ထားရှိမှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားဝတ်စုံများ၏ အချက်အလက်များပေးပို့ရာတွင် မှန်ကန်မှုရှိရေး၊ ဝတ်စုံများ၏ သမိုင်းကြောင်းများ၊ ဝတ်စုံများနှင့် ပတ်သက်၍ သက်ဆိုင်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်ကြသူများက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ရမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အတွင်းရေးမှူး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ယနေ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အတည်ပြုတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ



၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲ တတိယနေ့ ဆက်လက် ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က) အဆင့်နှင့်(ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ (ခ)အဆင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပစဉ်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေ ဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ မြဝတီမြို့၌ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များကလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၀၃ ဦး စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးအား ဖေဖော်ဝါရီ ၁၇ ရက်တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။





# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ





နေပြည်တော် ဖေဖော်ဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၁၇ တန်၊ အခြားသစ် ၁၄ ဒသမ ၄၃၁ တန်နှင့် ဆက်စပ်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၇၅၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မဟာအောင်မြေမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၂၄၅ တန်၊ သစ်မာ သုည ဒသမ၆၀၂ တန်၊ အခြားသစ် ၁၆၇ ဒသမ ၀၅၀ တန်ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၈၀၃၆၁၀ နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၈၀၃၆၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီးနှင့်Toyota Kluger မော်တော်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေဇင်ယော်ရပ်ကွက် တံတားတိုပွဲချိတ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀ ကိုလည်းကောင်း၊ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃) မိုင်ကားကြီးကွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၈၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၇ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောပူးပေါင်းစစ်ဆေးရေးဂိတ်၌မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၈၆ တန်၊ သစ်မာ ၂ ဒသမ ၇၁၉ တန်၊အခြားသစ် ၁ ဒသမ ၅၉၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၁၉၈၃ ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့Honda Insight မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၁၉၈၃ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ၁၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၈၁၈၉ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။



ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။

☆ ကျောဖုံးမှအဆက်

ပြည်ပနိုင်ငံသားများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ၍ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H.E.Mr.Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနမှ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး Trisak Indararusmi နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့သို့ ရောက်ရှိကြသည်။

၎င်းသုံးနိုင်ငံပူးပေါင်းအဖွဲ့သည် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့်ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမှုအခြေအနေများ၊ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

အဆိုပါသုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် မြဝတီမြို့၌တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး လွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ကာ သုံးနိုင်ငံအကြား အွန်လိုင်းလိမ်လည်မှု(Telecom Fraud) တားဆီးနှိမ်နင်းရေးစနစ် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) ဇုန်များ ကင်းစင်ပပျောက်သည်ထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(ဥဒ၁)





တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ လိုက်လံကြည့်ရှုစဉ်။

# ပြင်ဦးလွင်နှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စု ပုံကုန်းကျေးရွာအနီးတွင် အောင်နိုင်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီတွင် ပုံကုန်းကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀၊ တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၃၆ သိန်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်ည ၆ နာရီ ၁၅ မိနစ်တွင် လွိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် အောင်လတ် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် သိန်း ၂၅၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ သန်းစိုး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၊တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၃၈ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဂန့်ဂေါမြို့ အနောက်ဂန့်ဂေါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဒရုန်းဖြင့် ဗုံးကြဲခြင်းကြောင့် ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အနောက်ဘက် အနောက်ဂန့်ဂေါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဒရုန်းဖြင့်ဗုံးကြဲခြင်းကြောင့် ပြည်သူများ သေဆုံး၊ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား ၎င်းတို့အပေါ်အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့်ဗုံးကြဲခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက် မှတစ်ဆင့်အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဥဒ၁)




## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ**“မရိုးနိုင်သော ကောလာဟလများ”**ခေါင်းစဉ်ဖြင့် ၁၉-၂-၂၀၂၅ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**“အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်နှင့် ဂျော်ဂျီယာပြည်နယ်တို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းရှိ ကန်တပ်ကီပြည်နယ်နှင့် ဂျော်ဂျီယာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၆ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း ကန်တပ်ကီပြည်နယ် ဝန်ကြီးချုပ် ဘီရှီယားက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ကန်တပ်ကီပြည်နယ်တွင် လူရှစ်ဦး သေဆုံးခဲ့ပြီး ဂျော်ဂျီယာပြည်နယ်တွင်လည်း သေဆုံးသူတစ်ဦးရှိခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေပြီး အရှေ့တောင်ဘက်ပိုင်း ပြည်နယ်ခြောက်ခုတွင် လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်နှင့် စီးပွားရေးအဆောက်အအုံ ၁၂၈၀၀၀ ကျော်ထိရှိကြောင်း ကန်တပ်ကီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် အသက်အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ ရေဘေးအန္တရာယ်ကြောင့် ပြည်သူကိုးယောက် သေဆုံးခဲ့တယ်။ အသက်ဆုံးရှုံးခဲ့တဲ့ပြည်သူတွေအတွက် စိတ်မကောင်းဖြစ်မိပါတယ်။ မိသားစုဝင်တွေနဲ့ ထပ်တူဝမ်းနည်းရပါတယ်။ နောက်ထပ် ပြည်သူတွေအသက်အန္တရာယ်မရှိအောင် ကယ်ဆယ်ရေးဝန်ထမ်းတွေ စေလွှတ်ပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်နေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ နေအိမ် ထောင်နဲ့ချီရှိနေပြီးတော့ ကန့်သတ်ဧရိယာတွေကို လုံးဝဖြတ်သန်းသွားလာခြင်း မပြုကြပါနဲ့"ဟု ကန်တပ်ကီပြည်နယ် ဝန်ကြီးချုပ် ဘီရှီယားက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိုင်ယာလန်နိုင်ငံ ကောင်တီသုံးခုတွင် မိုးရေချိန်မြင့်မားစွာ ရွာသွန်းနေခြင်းကြောင့် ရေဘေးအန္တရာယ် အဝါရောင်အဆင့်သတ်မှတ်

**ဒပ်ဗလင် ဖေဖော်ဝါရီ ၁၇**

အိုင်ယာလန်နိုင်ငံတွင် မိုးသက်လေပြင်းကျရောက်ကာ မိုးရေချိန်မြင့်မားစွာရွာသွန်းနေခြင်းကြောင့် နေရာတချို့တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး ကောင်တီသုံးခုတွင် ရေဘေးအန္တရာယ်အဝါရောင်အဆင့် သတိပေးချက်သတ်မှတ်ကြောင်း အိုင်ယာလန်မိုးလေဝသဦးစီးဌာနဖြစ်သည့် Met Éireann က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ရေဘေးအန္တရာယ် အဝါရောင်အဆင့် သတ်မှတ်ထားသည့် ကောင်တီသုံးခုမှာ ကော့ဒ်ကောင်တီ၊ ကာရီကောင်တီ၊ ဝါတာဖို့ဒ်ကောင်တီတို့ဖြစ်ပြီး အဝါရောင်သတိပေးအဆင့်မှာ ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်တော်ယာဉ် မောင်းနှင်မှုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုအပြင် မြူခိုးများဖုံးလွှမ်းနေခြင်းကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အန္တရာယ်များ၍ မြင်ကွင်းမရှင်းသည့် ဧရိယာများတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

"မိုးသက်လေပြင်း ကျရောက်နေသလို မြူခိုးတွေလဲ ဖုံးလွှမ်းနေတယ်။ အမြင့်ဆုံးအပူချိန်ကလဲ ၈ ဒီဂရီစင်တီဂရိတ်ကနေ ၁၁ ဒီဂရီစင်တီဂရိတ်ထိပဲ ရှိတဲ့အတွက် အအေးဓာတ် မြင့်မားနေပါတယ်။ မုန်တိုင်း ဝင်ရောက်လာနိုင်တဲ့ လက္ခဏာတွေကိုလဲ တိုင်းတာရရှိထားပါတယ်"ဟု Met Éireann မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

မိုးသက်လေပြင်းအသွင်မှ မုန်တိုင်းအသွင်သို့ ကူးပြောင်းလာနိုင်ပြီး Met Éireann က မုန်တိုင်း ဝင်ရောက်လာနိုင်သည့် အခြေအနေကိုလည်း အမြဲမပြတ်စောင့်ကြည့်တိုင်းတာနေပြီး အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် မိုးရွာသွန်းမှုနည်းပါးပြီး ရာဝယ်လ်ရေလှောင်တမံတွင် ရေပမာဏကျဆင်းနေ

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၇**

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် မိုးရွာသွန်းမှုနည်းပါးပြီး ရာဝါပင်ဒီမြို့ရှိ ရာဝယ်လ်ရေလှောင်တမံတွင် ရေပမာဏသိသိသာသာ ကျဆင်းနေကြောင်း Water and Sanitation Agency (Wasa) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာဝါပင်ဒီမြို့သည် ပန်ဂျပ်ပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်ပြီး လူနေထူထပ်သော မြို့လည်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှာ ပုံမှန်ထက် နည်းပါးနေခြင်းကြောင့် ရာဝယ်လ်ရေလှောင်တမံတွင် ရေပမာဏ ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေနိုင်တော့မည့် အခြေအနေဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည့်အတွက် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည့် အစီအစဉ်ကို ပြင်ဆင်လျက်ရှိကြောင်း၊ မိုးရေချိန် ကျဆင်းလာပြီး ပုံမှန်မဟုတ်သည့် မိုးရေချိန်နည်းပါးမှု ဖြစ်ပေါ်နေကာ မည်သည့်ကာလထိ လက်ရှိအနေအထားတိုင်း ရင်ဆိုင်ရမည်ကို မခန့်မှန်းနိုင်သေးကြောင်း၊ ရာဝါပင်ဒီမြို့တွင် ပုံမှန်အားဖြင့် နေ့စဉ် သောက်သုံးရေဂါလန် ၆၈ ဘီလီယံထိ ပေးဝေနေသော်လည်း ရေရှားပါးမှုကြောင့် နေ့စဉ် ရေဂါလန် ၅၁ ဘီလီယံသာ ပေးဝေနိုင်တော့ကြောင်း Water and Sanitation Agency (Wasa) ၏ ဦးဆောင်ညွှန်ကြားရေးမှူး အာရှရက်ဖ်ဂ်က ပြောကြားခဲ့သည်။



"ရာဝယ်လ်ရေလှောင်တမံမှာ ပုံမှန်အားဖြင့် ရေပမာဏဟာ ၁၇၄၃ ဒသမ ၃ ပေထိရှိပေမဲ့ မိုးရွာသွန်းမှုနည်းပါးပြီး ရေခန်းခြောက်လာတဲ့အတွက် ရေပမာဏဟာ ၁၆၆၉ ပေပဲ ရှိတော့တယ်"ဟု Water and Sanitation Agency (Wasa) ၏ ဦးဆောင်ညွှန်ကြားရေးမှူး အာရှရက်ဖ်ဂ်က ပြောကြားခဲ့သည်။

မည်သည့်ကာလထိ မိုးရေချိန်နည်းပါးမည်ကို မသိရသေးသည့်အတွက် သောက်သုံးရေပေးဝေမှုကို ယခုထက် လျှော့ချသွားရမည်ဖြစ်ကြောင်း Water and Sanitation Agency (Wasa)၏ ဦးဆောင်ညွှန်ကြား ရေးမှူး အာရှရက်ဖ်ဂ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ပြင်းအား ၄ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**နယူးဒေလီ ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ယနေ့တွင် ပြင်းအား ၄ မဂ္ဂနီကျူးရှိသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း National Center for Seismology က ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုနည်းပါးသည့် နယူးဒေလီမြို့တော် သက်တမ်းတစ်လျှောက် ပြင်းအားအများဆုံး လှုပ်ခတ်ခဲ့သည့် ငလျင်ဖြစ်ပြီး ငလျင်သည် မြေအောက်အနက် ငါးကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ဒေသခံအမြောက်အမြား ငလျင်လှိုင်းဒဏ်သင့်ခဲ့ရကြောင်း၊ ငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သည့် ဧရိယာသည် နယူးဒေလီမြို့နှင့် လေးကီလိုမီတာသာဝေးကွာခဲ့ပြီး နေအိမ်များနှင့် အခြေခံအဆောက်အအုံတချို့ အသေးစားပျက်စီးမှုရှိခဲ့၍ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ ငလျင်လှိုင်းဒဏ်ကြောင့် ဒေသခံများမှာ နေအိမ်၊ တိုက်ခန်းများအတွင်းမှ အမိုးအကာလွတ်သည့်နေရာများသို့ အရေးပေါ်ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း နယူးဒေလီရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ပြင်းအားများတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ နယူးဒေလီမြို့တော်မှာလှုပ်ခတ်ခဲ့တဲ့ ငလျင်တွေထဲမှာ ပြင်းအားအများဆုံးလို့ သိရပါတယ်။ အသေးစားပျက်စီးမှုတချို့ရှိခဲ့တယ်လို့ သတင်းပေးပို့လာပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေတော့မရှိခဲ့ပါဘူး။ ဒေသခံတွေအနေနဲ့ အကူအညီလိုတယ်ဆိုရင် ၁၁၂ နံပါတ်ကို ဖုန်းဆက်ပြီး အကူအညီတောင်းခံနိုင်ပါတယ်"ဟု နယူးဒေလီရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။




၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



ဝတ္ထုတိုကဏ္ဍ

# အထိမ်းအမှတ်နေ့စွဲလေး

စိမ်းလဲ့ဖြူ



(၁)

"ကိုအောင် ဒီနေ့ ဘာနေ့လဲဆိုတာ မှတ်မိတယ် မဟုတ်လားဟင်"

"ဒီနေ့က ပြည်ထောင်စုနေ့လေ နွယ်ရဲ့။ ကိုအောင်တို့နိုင်ငံရဲ့ အင်မတန်မှ တန်ဖိုးကြီးတဲ့ နေ့ထူးနေ့မြတ်ပဲပေါ့"

"ပြီးတော့ရော"

"ပြီးတော့ ဘာရှိသေးလို့လဲ"

"ဟင် တကယ်ပဲ ဘာမှ မရှိတော့ဘူးပေါ့"

အောင်ကျော်စွာသည် မှတ်မိသော်လည်း ချစ်သူကို စနောက်ချင်သောကြောင့် ဤကဲ့သို့ ဖြေလိုက်တော့သည်။

"ဩော်...ဒါဆို ကိုအောင် မမှတ်မိဘူးပေါ့။ တော်ပါပြီ နွယ် ဘုရားပေါ်မတက်တော့ဘူး"

လက်ချင်းချိတ်ကာ ရွှေတိဂုံဘုရားပေါ်သို့ သွားနေရင်းဖြင့် ချစ်သူသည် ပြန်လှည့်သွား၏။ အမှန်တကယ်စိတ်ဆိုးသွားသော ချစ်သူကို အောင်ကျော်စွာ ချော့ရပေဦးမည်။

"နွယ်ရယ် စိတ်မဆိုးပါနဲ့နော်။ ကိုအောင် မှတ်မိတာပေါ့။ ဒီနေ့ဟာ ကိုအောင်တို့မြန်မာပြည်အတွက် နေ့ထူးနေ့မြတ်လဲ ဖြစ်သလို ကိုအောင်နဲ့နွယ်တို့ရဲ့ ချစ်ခြင်းမေတ္တာတွေအစပျိုးခဲ့တဲ့ အထိမ်းအမှတ်နေ့စွဲကလေးပဲပေါ့။ ပြည်ထောင်စုနေ့မှာပဲ ကိုအောင့်ကိုနွယ်စပြီး ချစ်မိခဲ့တာတဲ့။ ရွှေတိဂုံဘုရားမှာ နွယ့်အတွက် ကိုအောင်က ချစ်သက်သေကတိစကားတွေနဲ့ သစ္စာဆိုခဲ့တဲ့နေ့လေ။ ဒါပေမဲ့ နွယ် အဖြေပြန်ပေးခဲ့တာတော့ ၂၄ ရက်နေ့ပေါ့။ အဲဒါကြောင့် ချစ်သူသက်တမ်းက ၂၄ ရက်နေ့မှ တစ်နှစ်ပြည့်မှာဆိုပေမဲ့ ဒီနေ့ကလဲ ကိုအောင်တို့ရဲ့ အထိမ်းအမှတ်နေ့စွဲလေးပဲလေ"

အောင်ကျော်စွာ၏ အဖြေစကားကြောင့် အေးအေးနွယ်သည် ဝမ်းသာပီတိဖြစ်ကာ ကျေနပ်သွားတော့သည်။

အေးအေးနွယ်သည် ကျောင်းဆရာမတစ်ဦးဖြစ်သောကြောင့် ပိတ်ရက်ရသော်လည်း အောင်ကျော်စွာသည် ဟိုတယ်မန်နေဂျာတစ်ဦးဖြစ်သောကြောင့် ပိတ်ရက်သည် အလွန်ပင်နည်းလွန်း၏။ သို့သော် ယနေ့သည် ချစ်ရသူကလေးနှင့် အထိမ်းအမှတ်နေ့စွဲလေး ဖြစ်ခဲ့သောကြောင့် ခွင့်ယူကာ ရွှေတိဂုံဘုရားသို့ လာခဲ့ကြသည်။

(၂)

"နှစ်ယောက်ခန်း တစ်ခန်းလောက်"

"ဟုတ်ကဲ့ရှင့်။ ကြိုတင်ဘိုကင်ယူထားတာမျိုး ရှိလားရှင့်"

"မယူထားဘူး အခုမှ လာတာပါ"

"အားနာပါတယ်ရှင် ကျွန်မတို့မှာ ဘိုကင်ယူထားတဲ့ အခန်းတွေနဲ့ ပြည့်နေပါပြီ။ အခန်းလွတ်က တစ်ယောက်ခန်းနဲ့ မိသားစုခန်းတွေပဲ ကျန်တော့တယ်ရှင့်"

"ရတယ် အခြားဟိုတယ်ပဲ သွားလိုက်တော့မယ်"

နှစ်ဆယ့်စွန်းစွန်းလောက်သာ ရှိသေးသော စုံတွဲသည် အပြင်သို့ ပြန်ထွက်သွားကြ၏။

"ခုနကစုံတွဲ ဘာဖြစ်လို့ ပြန်ထွက်သွားတာလဲ ညီမ"

"နှစ်ယောက်ခန်း မရှိတော့လို့ မန်နေဂျာကြီး။ ဒီနေ့က ချစ်သူများနေ့ဆိုတော့ ဘိုကင်ယူထားတဲ့ အခန်းတွေနဲ့ ပြည့်နေပြီလေ"

"ဩော်..."

အောင်ကျော်စွာသည် ဘာမျှ ပြန်မပြောတော့ပါ။ သူ့စိတ်ထဲ ဝမ်းနည်းမိသည်။ ချစ်သူများနေ့တွင် စုံတွဲတို့သည် ဘုရားဖူး၊ ပန်းခြံသွား၊ ဓာတ်ပုံရိုက်ကာ လျှောက်လည်သည်ထက် ယခုတော့ ထိုချစ်စဖွယ် အပြုအမူ၏ ဆန့်ကျင်ရာ ဖြစ်နေကြသည်။

အောင်ကျော်စွာသည် အေးအေးနွယ်ဆိုသော အမျိုးသမီးကလေးနှင့် ချစ်ကြိုက်ချိန်မှစ ယခုအချိန်ထိတိုင်အောင် အခွင့်အရေး မယူခဲ့ပါ။ ကြင်နာယုယမှုအပြည့်ဖြင့် တန်ဖိုးထားကာ ချစ်မြတ်နိုးခဲ့သည်။ အေးအေးနွယ်သည် အရှက်အကြောက်ကြီးကာ သိက္ခာရှိသူ၊ နူးညံ့သိမ်မွေ့ကာ မိန်းကလေးဆန်သူ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား နေထိုင်တတ်သော အမျိုးသမီးကလေးနှင့် ချစ်သူဖြစ်ခွင့်ရသည့်ကိုပင် ကျေနပ်ပီတိ ဖြစ်နေရသည်။

(၃)

"ဟင်..."

သူ့မျက်လုံးများပင် ပြူးကျယ် ဝိုင်းစက်သွားတော့သည်။ အေးအေးနွယ်၏ မောင်လေးဖြစ်သူ မျိုးလွင်ကို ဟိုတယ်တွင် တွေ့လိုက်ရသောကြောင့် ဖြစ်၏။ မျိုးလွင်သည် အသက်၁၈နှစ်ကျော်သာ ရှိဦးမည်။ တက္ကသိုလ် ဒုတိယနှစ်ကျောင်းသားဖြစ်၍ အိမ်တွင် အငယ်ဆုံးဟုဆိုကာ ကလေးကဲ့သို့ပင် ချစ်ခင်အလိုလိုက်ကြ၏။ ယခုတော့ ကောင်မကလေးနှင့် ချစ်သူများနေ့တွင် ဟိုတယ်သို့ ဝင်ထွက်သွားလာရဲသည့် သတ္တိများပင် ရှိနေခဲ့သည်။

"မျိုးလွင်"

သူ့ကိုခေါ်သံကြား၍ လှည့်ကြည့်သော မျိုးလွင်သည် အံ့သြထိတ်လန့်သော မျက်ဝန်းတို့ဖြင့်-

"အစ်ကိုကြီး"

"ဒီကို ဘာကိစ္စရှိလို့လဲ ညီလေး"

"ဗျာ ဟို သူ့အစ်ကို စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားလို့။ အဲဒါ ဒီဟိုတယ်မှာများ တည်းနေမလားဆိုပြီး လာကြည့်တာပါ။ ဟိုတယ်ကျ သူတစ်ယောက်တည်း မသွားရဲဘူးဆိုလို့ ညီလေး အဖော်လိုက်ခဲ့တာပါ။ ဒါ ညီလေးရဲ့ သူငယ်ချင်းပါ"

"ဟုတ်လား အခု သူ့အစ်ကိုကို တွေ့ပြီလား"

"မတွေ့သေးဘူး အစ်ကိုကြီး။ ဒီဟိုတယ်မှာ မတည်းဘူးနဲ့ တူတယ်။ ညီလေးတို့ အခြားဟိုတယ်မှာ သွားရှာလိုက်အုံးမယ်နော်"

"ညီလေးရဲ့ အစ်မအတွက် အစ်ကိုကြီး လက်ဆောင်ထည့်ပေးစရာရှိတယ်။ အဲဒါ အခု လိုက်ယူအုံး"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ရွှေရည် ဆိုင်ကယ်ထားတဲ့နေရာမှာပဲ ခဏစောင့်နေနော်"

မျိုးလွင်နှင့် အတူပါလာသော မိန်းကလေးသည် ခေါင်းငြိတ်ကာအပြင်သို့ထွက်သွား၏။ အောင်ကျော်စွာသည် သူ့နားနေခန်းထဲသို့ ခေါ်လာသည်။

"ယောက်ျားလေးအချင်းချင်းပဲ လိမ်မနေနဲ့ အမှန်အတိုင်းပြော"

"အစ်ကိုကြီး။ ဒီကိစ္စ ညီလေးအိမ်ကို ပြန်မပြောပါနဲ့နော်။ အစ်ကိုကြီး ဒီဟိုတယ်မှာ အလုပ်လုပ်မှန်း ညီလေး မသိလို့ပါ"

"သိရင် ဒီကို မလာဘဲ အခြားဟိုတယ်သွားမှာပေါ့"

"အဲ အဲလိုလဲ မဟုတ်ပါဘူး အစ်ကိုကြီးရယ်"

မျိုးလွင်သည် ဖြေရှင်းချက်များ ထပ်မပေးနိုင်တော့ပါ။ ကြောက်လည်းကြောက် ရှက်လည်းရှက်ကာ မျက်နှာ ထူပူလျက် ချွေးများပင် ကျလာတော့၏။

"ဘာလို့ ကိုယ့်မိန်းကလေးကို တန်ဖိုးမထားရတာလဲ ညီလေး"

"တန်ဖိုးထားပါတယ် အစ်ကိုကြီးရဲ့"

"တကယ်တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးနဲ့ ချစ်တယ်ဆို အခုလို ချစ်သူများနေ့မှာ ဟိုတယ် ခေါ်လာစရာအကြောင်း မရှိဘူးလေ"

"ညီလေးဘက်က အတင်းဆွဲခေါ်လာတာမှ မဟုတ်တာ။ သူ့စိတ်သူ့သဘောနဲ့ လိုက်လာခဲ့တာလေ။ ညီလေးမှာ ဘာအပြစ်ရှိလို့လဲ"

"သိပ်ရှိတာပေါ့ ညီလေးရ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာလေ။ ဒါပေမဲ့ အဲဒီ လက်ခုပ်တီးဖို့ စတင်တဲ့သူက ညီလေးပဲ ဖြစ်လိမ့်မယ်။ မိန်းမကောင်းတစ်ယောက်ဟာ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါစေ။ တန်ဖိုးမထားတတ်တဲ့ ယောက်ျားလေးနဲ့ တွေ့ရင်တော့ နှံ့နစ်ကြရတာ များတယ်"

"အစ်ကိုကြီးကလဲ အဲလို မပြောပါနဲ့။ ညီလေးက သူ့ကို မေးကြည့်ရုံသက်သက်ပါ။ ချစ်သူများနေ့မှာ အချို့အတွဲတွေ ဟိုတယ်မှာ သွားချိန်းကြတာ သွားချင်လားလို့ မေးတော့ သူခေါင်းညိတ်တယ်လေ၊ အဲဒါကြောင့် နှစ်ဦးသဘောတူ ကြည်ဖြူလို့ လာခဲ့တာ။ ညီလေး ဘာမှားလို့လဲ"

"သိပ်မှားတယ် ညီလေး။ ကိုယ့်မိန်းကလေးကို ပန်းလေးတစ်ပွင့်လို မြတ်နိုးတန်ဖိုးထားရင် ဒီမေးခွန်းမျိုး မမေးသင့်ဘူးလေ။ ဘယ်အချိန်စင် မိန်းကလေးကမှ ဟိုတယ်အတူသွားရအောင်လို့ အရင်ပြောရဲမှာ မဟုတ်ဘူး"

"ဒါပေမဲ့လဲ အစ်ကိုကြီးရယ်။ ညီလေးဘက်က အဲလိုပြောမိတယ်ဆိုရင်တောင်မှ သူ့ဘက်က ငြင်းဆန်လို့ ရသေးတာပဲ သူမှ မငြင်းခဲ့တာ"

"ကြိုက်မရှက်ငိုက်မရှက်ဆိုတဲ့ စကားအတိုင်းပဲပေါ့။ တကယ်ချစ်လာရင် အပြစ်ဆိုတာလဲ မရှိတော့ဘူးလေ။ ညီလေး ပြောသမျှကိုလဲ အမှားအမှန် ခွဲခြားနိုင်စွမ်း နည်းပါးလာတာပေါ့။ အထူးသဖြင့် ညီလေးတို့လို ဆယ်ကျော်သက်အရွယ်လေးတွေက အချစ်နဲ့ပတ်သက်ရင် မိုက်ရူးရဲဆန်ကြတယ်။ ဖြစ်သင့်တာထက် ဖြစ်ချင်တာကို ဦးစားပေးကြတယ်။ အကယ်၍ ညီလေးချစ်သူမှာ ကိုယ်ဝန်များ ရသွားခဲ့ရင် ဘယ်လိုလုပ်မလဲ"

"အဲဒါလား လွယ်ပါတယ် အစ်ကိုကြီးရဲ့။ ညီလေး ကြိုတင်ပြီး ဆေးတွေ ဆောင်ထားပါတယ်"

"အဲဒါပဲလေ ညီလေးဘက်က တာဝန်မယူနိုင်သေးဘူးဆိုတာ သက်သေပဲလေ"

"တာဝန်မယူနိုင်တာ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ညီလေးတို့က ဘွဲ့လဲမရသေးဘူး။ အသက်လဲငယ်သေးတာမို့ အိမ်ထောင်မပြုချင်သေးလို့ပါ"

"အဲဒါပဲလေ ညီလေးရဲ့ အဖြေစကားတွေ မှန်နေပြီလေ။ ဘွဲ့လဲမရသေးဘူး အသက်ငယ်သေးလို့ အိမ်ထောင်လဲ မပြုချင်သေးဘူး။ အဲဒါဆို ဘွဲ့လဲရ အလုပ်လဲရလို့ တာဝန်ယူနိုင်တဲ့ချိန်မှ လက်ထပ်ယူလို့ မရပေဘူးလား"

မျိုးလွင်သည် သေချာ စဉ်းစားနေဟန် တူ၏။ အောင်ကျော်စွာ၏ ဆုံးမသွန်သင်မှုများကို ငြိမ်လျက် နားထောင်နေသည်။

"အဓိကကတော့ တစ်ယောက်ကို တစ်ယောက် တကယ် ချစ်မြတ်နိုးတယ်ဆိုရင် တန်ဖိုးထားရမှာပေါ့။ မိုင်ပေါင်းများစွာ ဝေးတဲ့နေရာ ရောက်နေကြတယ်ဆိုရင်တောင်မှ တစ်ယောက်ကိုတစ်ယောက် သစ္စာရှိနေရမယ်လေ။ ဥယျာဉ်မှူး တစ်ယောက်ဟာ သူစိုက်ပျိုးထားတဲ့ ပန်းလေးတစ်ပွင့်ကို အလွယ်တကူ မခူးဆွတ်ရက်ဘူး။ ဒီမိန်းကလေးကို ညီလေး ရွေးချယ်ထားတယ်ဆိုရင် ဥယျာဉ်မှူးကောင်းပီသစေချင်တယ်။ ဒါနဲ့ ညီလေးတို့ ချစ်သူဖြစ်တာ ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ သုံးလလောက်ကပါ အစ်ကိုကြီး"

"အမှန်တော့ ချစ်သူများနေ့ထက် အဲဒီနေ့ကသာ ညီလေးတို့ရဲ့ ချစ်သူနေ့၊ တစ်ကယ့်ကို တန်ဖိုးထားရမဲ့ အထိမ်းအမှတ်နေ့စွဲလေး တစ်ခုပေါ့"

"ညီလေး သဘောပေါက်ပါပြီ အစ်ကိုကြီးရယ်။ ညီလေးရဲ့ချစ်သူကို အခုပဲ အိမ်ပြန်ပို့ပေးလိုက်ပါ့မယ်။ အပြင်မှာ ရွှေရည်စောင့်နေပြီမို့ သွားလိုက်အုံးမယ်နော် အစ်ကိုကြီး"

နှုတ်ဆက်ထွက်ခွာသွားသော မျိုးလွင်ကိုကြည့်လျက် အောင်ကျော်စွာ ကျေနပ်ပီတိဖြစ်ကာ ပြုံးလိုက်မိတော့သည်။

# တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၇၇ ဒသမ ၆၆ တင်းထွက်ရှိ



**ရေဦး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တန့်ဆည်မြို့နယ်တွင်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရိတ်သိမ်းပြီးစီးပြီးတစ်ကေလျှင် ၇၇ ဒသမ ၆၆ တင်းထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၅၄၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ကေအားလုံးရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၇၇ ဒသမ ၆၆ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ မိုးစပါး ကေ ၉၂၀၀၀ ကျော်ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ လက်ရှိကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်းဖို့ မျိုးကောင်း၊ မျိုးသန့်တွေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလဲ အထွက်နှုန်းကောင်းပါတယ် "ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါး အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးအထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၈၅၀၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါလအတွင်း ကွမ်းသီးစိမ်း အလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်းက ကွမ်းသီးစိမ်းအလုံးရေ ၅၈၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းသီးစိမ်း အလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိပေါက်ဈေးရှိ ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာ



ကုန်များလာလို့ ရန်ကုန်ဈေးကွက်သို့ ပို့ကုန်အများအပြား တင်ပို့နေရခြင်းဖြစ်ပါတယ်။ တင်ပို့တဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်သလိုသန့်ရှင်းဖို့လဲလိုပါတယ်။လက်ရှိ ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ ရောင်းချမှုကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်သူတွေအဆင်ပြေနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်အေးသက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှ တစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကျားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကလေး ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၆ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျားကလေး ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များ နှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်းဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနထံမှ သိရသည်။ **ကိုသက်**

## ဖက်ရွက် ဥပမာ

- အသားပုပ်ကိုဖြင့်
တအားထုပ်တဲ့ ဖက်ရွက်ငယ်၊
လေပြည်လာ သုတ်ဖြန့်သမျှ
အပုပ်နံ့မပြယ်၊
နံ့ထွက်တိုင်း ရွံရှာဖွယ်
တော်ရာဝယ် လွှင့်ပစ်ရ၊
ထိုဖက်ငယ် အညစ်သဘောမို့
မမက်မောနိုင်ကြ။

- ပန်းပွင့်တွေ တစ်အုပ်တစ်မ
ထုပ်ရတဲ့ ဖက်ရွက်မှာ၊
လေသုတ်ကာ သွေးဖြန့်တိုင်း
အမွှေးနံ့ကသာ၊
နံ့ထွက်တိုင်း သမုဒယဖြာ
ယုယစွာ သိမ်းထုပ်ထား၊
ဤဖက်ငယ် အချစ်သဘောမို့
မက်မောပေတကား။

- ဖက်ရွက်ကို ပမာထားလို့
လူ့ရွာအား တွေးဆင်ခြင်၊
လူချင်းတူ အတွင်းစိတ်ကြောင့်
အဆင်းဟိတ်မှာ အနံ့အမွှေး
ပျံ့သွေးဂုဏ်အင်၊
ကိုယ်စီတိုင်း သတိဝင်
အရှိလျှင် မြင်အောင်ရှု၊
အသားပုပ်နဲ့ ပန်းအမွှေးကို
မှားမထုပ်အောင် ဉာဏ်အတွေးနဲ့
အိုကွယ်...
ချယ်ရွေးဖွယ် အမှု။ ။

လွမ်းလေးကို (သရက်)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စာဖတ်သူများကြီးပွားကြ၏

ဗညားကျန်းထော

**နိဒါန်း**

စာဖတ်သူခင်ဗျား။ ဤဆောင်းပါးကို ဖတ်နေခြင်းအတွက် စာရေးသူက အထူးကျေးဇူးတင်ပါသည်။ ယူကျုတို့၊ ဖေ့ဘွတ်တို့၊ ဗိုက်ဘာတို့မှာတော့ ကြည့်သူကြိုက်သူဦးရေအလိုက် များရင် များသလောက် ဆုကြေး၊ ဂုဏ်ပြုငွေရကြတော့ ကြည့်သူက အကျိုးပြုရာရောက်ပါ၏။ ဤစာမျက်နှာကို ဖတ်သူအတွက် စာရေးသူက ကျေးဇူးတင်ရခြင်းမှာ မိမိအတွက် တစ်ပြားတစ်ကျပ်မှ ရစရာမရှိနိုင်ပါသော်လည်း ဤဆောင်းပါး၏ ကောင်းကျိုးပြုခြင်းကြောင့် အသင်စာဖတ်သူ၏သဘောထားအမြင်သည် ယခင်ကနှင့် ယခုရရှိသောအသိအမြင်ကြောင့် မုချမသွေ အကျိုးရှိစေပါလိမ့်မည်။ ဤကုသိုလ်စိတ်ကြောင့် ကြည်နူးဝမ်းသာမှုခံစားရရှိသဖြင့် စာဖတ်သူကို ကျေးဇူးတင်စကား ပထမဦးဆုံးဝါကျဖြင့် ဖော်ပြခြင်းပါ။

မေးပါရစေ။ စာဖတ်သူမှာစနစ်ရှိပါသလား။ ကြိုက်သလိုဖြေပါ။ ဘာပဲဖြစ်ဖြစ်ရှိပါစေ။ လူတစ်ယောက်မှာစနစ်ရှိသလား။ ဤမေးခွန်း၏အဖြေစကားသည် အတော်ကွဲပြားစေပါ၏။ **စနစ်ရှိလျှင် ကြီးပွားတိုးတက်၏။ စနစ်မရှိသူက မကြီးပွားမတိုးတက်နိုင်ပါ။** စနစ်ကိုဘယ်ကရနိုင်သနည်း။

**ဘယ်ကရမည်နည်း**

မိဘတို့က သားငယ်၊ သမီးငယ်တို့ကို ဆောင်ရန်၊ ရှောင်ရန်ခွဲခြားလျက် သွန်သင်လမ်းပြ၊ စည်းကမ်းကျစေခဲ့သဖြင့် ရခြင်းလည်းရှိ၏။ ကျောင်းမှာစာသင်ကောင်းသော ကျောင်းဆရာက စိတ်ဝင်စားအောင် ဆွဲဆောင်လျက် မှတ်သားမိအောင်စေတနာဖြင့် ဆုံးမလမ်းညွှန်ခြင်းကို မှတ်ယူသဖြင့်လည်းရနိုင်၏။ ပတ်ဝန်းကျင်ရပ်ရွာထဲမှာ အချိန်ကာလတစ်ခုကြာသောအခါ တိုးတက်ချမ်းသာသူနှင့် ဆင်းရဲနွမ်းပါးသွားသူတို့၏ စနစ်ရှိခြင်း၊ မရှိခြင်းကြောင့် ကွဲပြားခြားနားသွားကြောင်း မြင်ရ၊ ကြားရ၊ သတိမူလိုက်မိသဖြင့် မှတ်သားနိုင်ခဲ့၏။ နေထိုင်ရာ မြို့ရွာအတွင်းမှာပင် ရုပ်ရှင်၊ သဘင်၊ အငြိမ့်၊ ဆိုင်းပွဲစသည်တို့မှ အဆို၊ အတီး၊ အကတို့ဖြင့် စိတ်ထဲမှာစွဲဝင်အောင် မြင်ဆရာ၊ ကြားဆရာအနုပညာရှင်တို့က မျှဝေသောစိတ်ကူး၊ အကြံဉာဏ် ခံစားချက်များရလာခဲ့ခြင်းလည်းရှိတတ်၏။ ဆရာတော် သံဃာတော်၊ ဦးကြီးဘကြီး၊ လူကြီးသူမ ဆုံးမဟောကြားသော တရားတော်နှင့် ဟောပြောချက်တို့ကလည်း စည်းစနစ်အရေးပါပုံကို သဘောပေါက်စေခြင်းမျိုး ရှိချင်ရှိနိုင်ပါ၏။

အကုန်အကျအနည်းဆုံး၊ ဈေးအပေါဆုံးဖြင့် အလွယ်တကူရရှိနိုင်ပါသော်လည်း မသိသူကျော်သွားလျက် သိသူဖော်စားနိုင်သော ရတနာသိုက်ကြီးကား သင်နှင့် မဝေးလံလှပေ။ ပညာဘဏ်တိုက်၊ စာကြည့်တိုက်ဆိုသော ရပ်ကွက်စာကြည့်တိုက်၊ မြို့နယ်ပြန်ကြားရေးစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ပုဂ္ဂလိကစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်တို့တွင် ရှိနေကြသော ပန်းဈေးခင်းစာအုပ်အမျိုးမျိုး။

**မိတ်ဆွေကောင်း**

စာအုပ်စာပေ လူ့မိတ်ဆွေတွေဖြစ်ပေတော့သည်။ သမိုင်းတစ်လျှောက် အောင်မြင်ထင်ရှားခဲ့သော ခေါင်းဆောင်များ၊ အနုပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ သူဌေးကြီးများနှင့် တွေ့ဆုံချင်ပါသလား။ တံခါးခေါက်စရာမလိုဘဲ သူနှင့် လက်ဆွဲနှုတ်ဆက်ကာ အချိန်အကြာကြီး တွေ့ဆုံစကားပြောချင်ပြောနိုင်ပါ၏။ မှန်ပါသည်။ သူတို့က သေလွန်ကြပါပြီ။ မရှိကြတော့ပါ။ သို့ရာတွင် သူတို့၏တွေးခေါ်ပုံ၊ အုပ်ချုပ်ပုံ၊ စီမံပုံ၊ ဦးဆောင်ပုံ၊ ကွပ်ကဲပုံ၊ စာရေးဆရာဆိုလျှင် ရေးသားသီကုံးပုံ၊ ပန်းချီအကျော်အမော်ကြီးများဆိုလျှင် လေ့ကျင့်ပုံ၊ အင်ဒိုး အောက်ဒိုး လက်တွေ့လေ့လာကြိုးစားပုံ၊ ဖန်တီးပုံ၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးနယ်ပယ်တွင် မည်သူတို့ မည်မျှအောင်မြင်ကြပုံ၊ ဘယ်သူတွေ ဘယ်သို့ ကျရှုံးအရေးနိမ့်သွားခဲ့ပုံများကို ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်ကားကြီးများ ကြည့်ရသကဲ့သို့ ဖတ်ရှုခံစားနိုင်လေသည်။

စာရေးဆရာမောင်သာရကတစ်ခါသော မန္တလေး တက္ကသိုလ်သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကို မေးဖူးလေသည်။ **"သမိုင်းကို ဘာလို့သင်ရတာလဲ ဆရာ"** ဒေါက်တာသန်းထွန်းက တိုတောင်းစွာဖြေ၏။ "မအအောင်လို့"။ ရှေးရှေးက လူသားတွေ ဘယ်သို့၊ ဘယ်ပုံ နည်းစနစ်၊ လုပ်ဆောင်ချက်များကြောင့် တိုးတက်ဖွံ့ဖြိုးလာသနည်း။ ဘယ်စနစ်၊ ဘယ်ဆောင်ရွက်မှုကြောင့် ပျက်စီး၊ သေကျေ၊ ပြိုကွဲ၊ ရှုံးနိမ့်သွားခဲ့ကြသနည်း သိရသောအခါ။

**သင်ခန်းစာယူပါ**

အတိတ်ကအမှားကို ထပ်ခါထပ်ခါ ကျော့ပြီး မလွဲမှားတော့ပါ။ ဆိုးကျိုးကို အခါခါမခံစားရဘဲ ရှောင်လွှဲနိုင်ကြပေမည်။ တိုင်းပြည်နှင့် လူမျိုးအတွက် တိုးတက်စေမည့် နည်းစနစ်တွေ ရှိနေပြီးသား။ သိရုံလိုက်နာရုံသာ။

❖ **စာဖတ်သူက စာမဖတ်သူများ မသိတာတွေ အများကြီးပိုသိနေကြပါတယ်။ ဘာပဲလုပ်လုပ် အလုပ်ကို တိတိကျကျ၊ ပြည့်ပြည့်စုံစုံ၊ ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင် ပိုမိုတိုးတက်ကောင်းမွန်အောင် အပြိုင်အဆိုင် AI ခေတ်ရောက်လာကြတဲ့ အခြေအနေမျိုးမှာ စာမဖတ်သူများ စက်ရုပ်က ခိုင်းစားခြင်းကိုခံကြရလိမ့်မည်။ စာဖတ်သူ လူတော်၊ လူချွန်၊ ကျွမ်းကျင်နားလည်ကြသူများသာလျှင် ရှင်သန်အောင်မြင်ကြပါလိမ့်မည်။ အပ်ဖျားရေစက် အနက်ပင်လယ်။ စနစ်သဘောသိလျှင် လွယ်ကူပါသည်။ စာဖတ်ကြမှ ခေတ်ကိုသိရမည်။** ❖

သမိုင်း၊ ပထဝီဝင်၊ သိပ္ပံ၊ သင်္ချာ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ စာပေ၊ အသိပညာ၊ အတတ်ပညာ အထွေထွေကို တက္ကသိုလ်တက်ခွင့်ရသကဲ့သို့ စာကြည့်တိုက်မှ စာအုပ်များကို ရင်းနှီးကျွမ်းဝင်စွာ အဖော်ပြုခြင်းဖြင့် ကောင်းစွာရနိုင်ပါ၏။

စာဖတ်သူက ကျောင်းမှာမြန်မာစာ သို့မဟုတ် မြန်မာ့သမိုင်းမှာ ရခိုင်ဘုရင်မင်းထီးအကြောင်း သင်ကောင်းသင်ခဲ့ရဖူးမည်။ စာရေးသူတို့ တတိယတန်းမှာ ဆရာပြောပြ၍ ယခုထိ မှတ်မိနေပါသေးသည်။ စာဖတ်သူတချို့ မကြားဖူးသူလည်းရှိနိုင်သဖြင့် အကျဉ်းမျှတင်ပြပါရစေ။ ထိုစဉ်က ရခိုင်ပြည်မင်းတို့စိုးစံရာ မင်းနေပြည်တော်သည် လောင်းကြက်မြို့ဖြစ်သည်။ ဘုရင်မင်းထီးသည်လည်း လောင်းကြက်မြို့မှာ လွန်ခဲ့သောနှစ် ၇၀၀ ကျော် (၁၂၈၉-၁၃၇၄) နန်းစံသက် ၈၅ နှစ်ကြာသော အလွန်ထူးခြားသည့်မင်းဖြစ်၏။ အေဒီ ၁၂၈၀ ပြည့်နှစ်ဖွား ဘုရင့်သားတော်ဖြစ်ခဲ့ပုံရ၏။ အသက် ကိုးနှစ်အရွယ်ကပင် မင်းအဖြစ် ဘိသိက်ခံနန်းတက်သည်။ ခမည်းတော်၏ယောက်ဖတော်၊ သူ၏ ဦးရီးတော်၏ ရင်ခွင်မှာထိုင်၍ နန်းတက်ပွဲဆင်ယင်ခဲ့သည်ဆို၏။

သို့သော် ဘုရင်ဖြစ်လာသောအခါ မှူးမတ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ အာဏာ(ဥပဒေ) ငါးရပ် ထုတ်ပြန်လိုက်သည်။

**အမိန့်တော်**

**၁။ သားမကောင်းလျှင် အဖကိုစီရင်မည်။(သတ်မည်)**

**၂။ သမီးမကောင်းလျှင် အမိကိုစီရင်မည်။**

**၃။ မယားမကောင်းလျှင် လင်ကိုစီရင်မည်။**

**၄။ တပည့်မကောင်းလျှင် ဆရာကိုစီရင်မည်။**

**၅။ ကျွန်မကောင်းလျှင် သခင်ကိုစီရင်မည်။**

ပြည်သူ၊ ပြည်သားအများသိစေရန် မောင်းခတ်ကြေညာလှည့်လည်ဆော်ဩ၏။ ပြည်သူများ မကောင်းမှု ဥပဒေဖောက်ဖျက်ကျူးလွန်မှုမရှိအောင် မိခင်၊ ဖခင်၊ လင်သား၊ ဆရာ၊ သခင်ဟူသော ငါးဦးက အပြည့်အဝတာဝန်ယူစေခြင်း။

တစ်နေ့တွင် လောင်းကြက်မြို့နေ သူဌေးတစ်ဦး၏ ကျွန်နှစ်ယောက်သည် လက်မဘက်ရွာတွင် နွားတစ်ကောင်ကိုခိုးယူသတ်စားကြသည်။ နွားပိုင်ရှင်နှင့် ရွာသားများကဖမ်းဆီးရာ နွားသူခိုးနှစ်ယောက်ကို လက်ရဖမ်းဆီးမိကြလေသည်။ ကျွန်နှစ်ယောက်၏ သခင် သူဌေးခနော်ဘယသည် မင်းအာဏာကိုကြောက်လှသောကြောင့် ဘုရင့်ဦးရီးတော် အနန္တဘယထံ ချဉ်းကပ်သည်။ " အရှင်က ကျွန်ရှင်ခံတော်မူပါ" ဟု လျှောက်ထား၍ငွေအသပြာတစ်ထောင်ပေးဆက်၏။

**တာဝန်ခံသူ**

"အေးကွဲ့၊ ငါက မင်းထီးမိခင်၊ ဘုရင့်မယ်တော် သုဘဒ္ဒာဒေဝီရဲ့ မောင်အရင်းလေကွယ်။ ငါ့တူတော်က ငါ့လက်ပေါ်မှာ ကြီးလာတာပဲ။ ငါက ဒက္ကာမြို့စားလဲ အပိုင်စားတာပဲ" ငါ့ကို စီရင်မည်မဟုတ်ဟု စဉ်းစားကာ လာဘ်ငွေအသပြာကို အကြည်အသာ လက်ခံလိုက်လေသည်။

ရုံးတော်၌ တရားခံများကို စစ်မေးသော် ဦးရီးတော် ဒက္ကာမြို့စား၏ ကျွန်များပါဟု ထွက်ဆိုကြ၏။ အနန္တဘယကလည်း ဟုတ်မှန်ပေသည်ဟု ဝန်ခံလေသည်။ သည်တွင် ဘုရင်မင်းထီးက ဦးရီးတော်ကို ပြစ်ဒဏ်စီရင်လိုက်၏။

**ရာထူး ရှုးတာ**

မင်းထီးသည် သက်တော် ၁၅နှစ်တွင် ဦးရီးတော် အနန္တဘယ၏သမီး မြတ်ရွှေညာကို တောင်ညာ မိဖုရားအပ်နှင်းကာ ဘိသိက်ခံယူလေသည်။ တစ်ခါသော် ရာထူးနေရာတစ်ခုလစ်လပ်ရာ ဘုရင်က မိဖုရားမြတ်ရွှေညာ အကြံပြုတင်ပြသော လုလင်အား မခန့်ဘဲ သူရွေးချယ်သော မင်းချင်းတစ်ယောက်ကို သာ ရာထူးတိုးမြှင့်ခန့်ထားလိုက်လေရာ မိဖုရား စိတ်ကောက်တော်မူလေသည်။ "မိဖုရား ဤကျေးကျွန်က တာဝန်ပေးထိုက်သူ အရည်အချင်းနှင့်ကိုက်ညီသဖြင့် မောင်တော်ရာထူးတိုးမြှင့်ခန့်အပ်ခြင်းဖြစ်သည်။ နှမတော်အမှန်သိစေရန် သက်သေပြမည်"ဟုဆိုကာ ဘုရင့်ယောက်ဖ (ညီတစ်ဝမ်းကွဲ၊ မိဖုရားမြတ်ရွှေညာ၏ အကိုအရင်း၊ မောင်အရင်းနှင့်) ရာထူးတာဝန်ရွေးချယ်သူနှစ်ဦးကို ခေါ်လိုက်သည်။ "နန်းတော်အောက်တွင် ခွေးမကြီး တစ်ကောင် ခွေးလေးတွေပေါက်နေတယ်။ ခွေးမွေးနေတာ နှစ်ယောက်အတူသွားကြည့်ချေ" ဟုစေလွှတ်လိုက်၏။ မိဖုရား၏မောင်ကား အလျင်အမြန် ပြန်လာ၏။ "ခွေးဘယ်နှကောင်လဲ"ဟု ဘုရင်ကမေးရာမဖြေနိုင်ဘဲ ပြန်ပြေးကြည့်ပြန်၏။ မင်းထီးက ခွေးထီးဘယ်နှကောင်၊ ခွေးမဘယ်နှကောင်လဲမေးပြန်ရာ မဖြေနိုင် နောက်တစ်ခေါက် ပြန်ပြေးဆင်းကာ ကြည့်ပြန်၏။

ဘုရင်ရွေးချယ်သော အမှုထမ်းက သေချာ စေ့စပ်စွာ ကြည့်ရှုမှတ်သားခဲ့သဖြင့် ဘုရင်မေးသမျှကို တိကျစွာဖြေနိုင်ကြောင်း မင်းပရိသတ် ဗိုလ်ပုံအလယ်တွင် ထင်ရှားသွားလေတော့သတည်း။

**ကိုယ်မှားကိုယ်ခံ**

လူကြီးကတာဝန်ပေးလျှင် အရေးတစ်စုံတစ်ရာ ရှိနိုင်သည်။ တိကျ၊ စေ့စပ်၊ သေချာစွာ လေ့လာမှတ်သားရမည်။ မေးလာသော အမှန်ဖြေနိုင်အောင် ကြိုတင်ပြင်ဆင်ရမည်ဟု အရာရှိထိုက်တန်သူက နားလည်သည်။ ဘုရင်နှင့် ဆွေမျိုးတော်ရုံမျှနှင့် ရာထူးယူချင်သူကား စည်းစနစ်မသိ။ တိကျရမည်။ စေ့စပ်ရမည်။ သေချာစွာ လေ့လာမှတ်သားရမည်။ မှန်ကန်စေရမည်။ ယုံကြည်ကိုးစားထိုက်သောသူ ဖြစ်စေရမည်ဟု မိမိကိုယ်ကို တန်ဖိုးထားတတ်ရပါ၏။ ဘုရင့်ဆွေတော်မျိုးတော်ပဲ၊ လာဘ်စားမှာပဲဟူသော ဒက္ကာမြို့စားသည် စီရင်ခြင်းကိုခံရ၏။

နန်းတော်တိုင်လုံးကြီးများတွင် နန်းတွင်းသူ၊ နန်းတွင်းသားများ (လူတိုင်းလိုလို ကွမ်းစားဓလေ့ရှိသဖြင့်) ထုံးပေသော လက်ညှိုးအား နန်းတော်တိုင်၌ သုတ်နေခဲ့ကြ၏။ နန်းတော်တိုင်ကို ထုံးသုတ်သူ၏ လက်ကို ဖြတ်မည်ဟု မင်းထီးက အမိန့်ထုတ်လိုက်သည်။ နန်းတော်တိုင်များကို မည်သူကမျှ ထုံးမပေစေတော့ပေ။ သို့သော် တစ်နေ့သောအခါ မင်းထီးကိုယ်တိုင် သတိမေ့လျော့၍ တိုင်ကိုထုံးတို့မိခဲ့လေ၏။ တွေ့ရှိ၍ စစ်မေးသော် သိသူမြင်သူများက ဘုရင်မင်းထီးကိုယ်တိုင် ထုံးသုတ်မိကြောင်း တင်လျှောက်ထွက်ဆိုကြရာ သူ၏သန်လျက်ဖြင့် လက်ညှိုးကိုဖြတ်၍ အမိန့် ဥပဒေနှင့်အညီ စီရင်တော်မူကြောင်း ထင်ရှား၏။ ထိုစဉ်က ဒက္ကာမြို့ (ယခု ဘင်္ဂလားဒေ့ရှ်မြို့တော်)နှင့် စစ်တကောင်းမြို့ အပါအဝင် နယ်မြေအကျယ်အဝန်းများစွာသည် ၁၂၈၀ ပြည့်နှစ် နှင့် ၁၃၇၄ ခုနှစ်ကာလ မင်းထီးဘုရင်လက်ထက် ရခိုင်ပြည်ပိုင်နက် ဖြစ်ခဲ့ဖူးပေသည်။ ဘုန်းကြီးခဲ့၏။

**စနစ်မူဝါဒ**

စနစ်ကိုသိသူ၊ စနစ်ကို အမှန်တကယ် ကျင့်သုံးသူတို့သည် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးမည်သည့်နယ်ပယ်၌မဆို နာမည်ကောင်းဖြင့်သာ ထင်ပေါ်ကျော်ကြားလေသည်။ သိလည်းမသိ၊ လေ့လည်းမလေ့လာ၊ လိုက်နာကျင့်သုံးရကောင်းမှန်း နားမလည်၊ တန်ဖိုးမထားသူတို့ကား အရှုံးဖြင့်သာ ဇာတ်သိမ်းသွားကြလေသည်။

ဆရာကျော်ရင်မြင့်ရေးသော စာအုပ်တစ်အုပ်ထဲ၌ **"ဖရဲသီးပုံပြင်"** ဟူသော ဖြစ်ရပ်တစ်ခုကို ဖတ်ခဲ့ဖူးပါသည်။ သူငယ်ချင်းနှစ်ယောက် တက္ကသိုလ်အတူတက်၊ ဘွဲ့အတူရ၊ အလုပ်ခွင်တစ်ခုမှာပဲ အတူတကွအလုပ်ရ။ အလုပ်လုပ်ကြရင်းနှင့် ကျန်းဆိုသူကို ကုမ္ပဏီသူဌေးက ရာထူးတိုးပေးကာ ချောင်ဆိုသူ (အတူအလုပ်ဝင်ခဲ့ကြသူ အရည်အချင်းတူ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း) ကိုကား ရာထူးမတိုးပေးချေ။

ချောင်က မကျေနပ်၍ ကုမ္ပဏီသူဌေးကို ဝင်တွေ့ပြီးထွက်စာတင်သည်။ သူဌေးက "ခင်ဗျားအလုပ်ကြိုးစားခဲ့တာမှန်ပါတယ်။ ကျွန်တော်မြင်ပါတယ်။ ခင်ဗျားတို့ဘာကွာသလဲ။ လက်တွေ့သိအောင်ပြပါမယ်" ဟုဆိုကာ သူတို့နှစ်ယောက်ကို "ဈေးထဲမှာ ဖရဲသီးတွေရောင်းနေပြီ။ ဖရဲသီးပေါ်စ ရာသီရောက်နေပြီ။ ဖရဲသီးတွေသွားကြည့်ချေ"လို့ စေခိုင်းလိုက်ပါသည်။ တိုတိုပြောရရင် သူဌေးမေးသမျှ ချောင်ဆိုသူက ဘာမှတိတိကျကျမဖြေနိုင်ဘဲ ကျန်းကတော့ ဖရဲသီးအလုံးရေဝင်ရောက်မှု၊ ကောင်း၊ သင့်၊ ညံ့ အစားစားအလိုက် ဈေးနှုန်း၊ ဥပမာ တစ်ကီလို ၁၂ ဒေါ်လာ စသဖြင့် ဂဃနဏအပြည့်အစုံ ဖြေကြားနိုင်ခဲ့ပါသည်။ ကွာခြားမှုက ဒါပါပဲ။

**နိဂုံး**

(စာဖတ်သူက စာမဖတ်သူများမသိတာတွေ အများကြီးပိုသိနေကြပါတယ်) ဘာပဲလုပ်လုပ် အလုပ်ကို တိတိကျကျ၊ ပြည့်ပြည့်စုံစုံ၊ ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင် ပိုမိုတိုးတက်ကောင်းမွန်အောင် အပြိုင်အဆိုင် AI ခေတ်ရောက်လာကြတဲ့ အခြေအနေမျိုးမှာ စာမဖတ်သူများ စက်ရုပ်က ခိုင်းစားခြင်းကိုခံကြရလိမ့်မည်။ စာဖတ်သူ လူတော်၊ လူချွန်၊ ကျွမ်းကျင် နားလည်ကြသူများသာလျှင် ရှင်သန်အောင်မြင်ကြပါလိမ့်မည်။ **အပ်ဖျားရေစက် အနက်ပင်လယ်။ စနစ်သဘောသိလျှင် လွယ်ကူပါသည်။ စာဖတ်ကြမှ ခေတ်ကိုသိရမည်။**

# စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၁၂ တင်း ထွက်ရှိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၇၅၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲစင်းငုံ ကေ ၁၉၀၀၀ ကျော် စိုက်ပျိုးထားနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်၊ သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ် " ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နေ့လယ်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ဈေးသာကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဈေးသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**သူသူ(နတ်မောက်)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြ၍ သိရသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

" ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်ကုန်အုန်းသီးတွေ ဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အဝယ်လိုက်နေပါတယ် " ဟု ဓနုဖြူမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးခြောက်၊ အုန်းသီးစိမ်း၊ အုန်းသီးနု စသည်တို့ကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေး တောင်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် အင်ချောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ အင်ချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကွန်ကရစ်ခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာ၌ လမ်းအရှည် ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ၂၅၀ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ပြည်မြို့နယ် ရွှေကြို့ပင်ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ရွှေကြို့ပင်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ရွှေကြို့ပင်ကျေးရွာ၌ အရှည် ပေ ၁၀၈၀ ရှိ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၄၀ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ချိုလေး**

# ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် အမေရိကန်အပေါ်မှီခိုလာသည့် ဖိလစ်ပိုင်

မောင်ဝေလွမ်း(သုတေသီ)

ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေးကို ၁၉၄၆ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ခိုင်မာသောသမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာချိတ်ဆက်မှုများ မျှဝေထားသောတန်ဖိုးများအပေါ် အခြေခံထားသည်။ ၁၉၅၁ ခုနှစ် အမေရိကန်-ဖိလစ်ပိုင် နှစ်နိုင်ငံကာကွယ်ရေးသဘောတူစာချုပ်သည် ခိုင်မာသောလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုအတွက်အခြေခံအုတ်မြစ်သည် တက်ကြွသောပြည်သူများနှင့်ဆက်ဆံရေး၊ ခိုင်မာသောစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဒေသဆိုင်ရာကိစ္စရပ်များနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များတွင် ထိတွေ့ဆက်ဆံရန် အဓိပ္ပာယ်ပြည့်ဝသောနည်းလမ်းများကို ပံ့ပိုးပေးသည်ဟု ယုံကြည်နေကြသည်။ ယခုအခါ ဖိလစ်ပိုင်သည် ၎င်း၏ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အမေရိကန်အပေါ်မှီခိုအားထားလာခဲ့သည်။

**ဖိလစ်ပိုင်နိုင်ငံရင်ဆိုင်နေရသည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ**

အရှေ့တောင်အာရှ ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်း၊ ပြည်ပအကြောင်းရင်းများကြောင့်ဖြစ်ပေါ်လာသော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။ အဆိုပါစိန်ခေါ်မှုများသည် နိုင်ငံ၏ တည်ငြိမ်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာထင်ရှားသော သက်ရောက်မှုများရှိသည်။ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများတွင် သောင်းကျန်းမှုနှင့် အကြမ်းဖက်ဝါဒ၊ ရေကြောင်းလုံခြုံရေး၊ နိုင်ငံဖြတ်ကျော်မှုခင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ ဆိုက်ဘာလုံခြုံရေးစသည်တို့ပါဝင်သည်။ အဆိုပါစိန်ခေါ်မှုများမှ အချို့သည် ကာလအတန်ကြာကပင်တည်ရှိခဲ့ပြီး ပထဝီနိုင်ငံရေးအခြေအနေကြောင့် ပြောင်းလဲလာသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အပြင်းထန်ဆုံးသောလုံခြုံရေးစိန်ခေါ်မှုများထဲမှတစ်ခုမှာ သောင်းကျန်းမှုနှင့် အကြမ်းဖက်မှုဖြစ်သည်။ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ပြည်သူ့တပ်မတော်အပါအဝင် သောင်းကျန်းသူအဖွဲ့အများအပြားနှင့် အချိန်ကြာမြင့်စွာ ရုန်းကန်နေရသည်။ ပြည်သူ့တပ်မတော်သည် ကျေးလက်ဒေသများတွင် အဓိကလှုပ်ရှားလုပ်ဆောင်နေပြီး အစိုးရကို ဆန့်ကျင်သည့် ပြောက်ကျားစစ်ဆင်ရေးများတွင် ဆယ်စုနှစ်များစွာကြာ ပါဝင်လုပ်ဆောင်လျက်ရှိသည်။ ထိုအခြေအနေများက ပြည်တွင်းလုံခြုံရေးကို ဆက်တိုက်ခြိမ်းခြောက်လျက်ရှိသည်။ သူပုန်ထခြင်းအပြင် အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသတောင်ပိုင်းဒေသတွင် အကြမ်းဖက်မှုသည် သိသာထင်ရှားသော စိုးရိမ်စရာတစ်ခုအဖြစ် ရှိနေသေးသည်။ နိုင်ငံတကာအကြမ်းဖက်အဖွဲ့များဖြစ်သည့် အယ်ကေးဒါးနှင့် ISIS တို့နှင့် ချိတ်ဆက်ထားသော အဘူဆေယက်အဖွဲ့ကဲ့သို့သော အကြမ်းဖက်အဖွဲ့သည် တိုက်ခိုက်မှုများ၊ ပြန်ပေးဆွဲမှုများနှင့် အကြမ်းဖက်မှုအများအပြားအတွက် တာဝန်ရှိသည်။ အဆိုပါလှုပ်ရှားမှုများသည် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ရုံသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုပေါင်းစည်းညီညွတ်မှုကိုလည်း ထိခိုက်စေသည်။

ရေကြောင်းလုံခြုံရေးသည် ဖိလစ်ပိုင်နိုင်ငံ အဓိကရင်ဆိုင်နေရသည့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများတွင် ပါဝင်လျက်ရှိသည်။ တောင်တရုတ်ပင်လယ်တွင် ၎င်း၏ ကျယ်ပြန့်သောကမ်းရိုးတန်းနှင့် မဟာဗျူဟာမြောက်တည်နေရာတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံအတွက် ရေကြောင်းလုံခြုံရေးသည် အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နယ်မြေပိုင်ဆိုင်မှုတောင်းဆိုမှုများရှိကာ ရေပိုင်နက်နယ်နိမိတ်၊ သယံဇာတများနှင့်ပတ်သက်၍ တင်းမာမှုများဖြစ်စေသည်။ တရားမဝင်ငါးဖမ်းခြင်း၊ ပင်လယ်ဓားပြတိုက်ခြင်းနှင့် လူမှောင်ခိုကူးခြင်းတို့သည် ဖိလစ်ပိုင်ရေပိုင်နက်တွင် ပျံ့နှံ့လျက်ရှိပြီး ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုဆိုးရွားလာစေကာ ကမ်းရိုးတန်းလူမှုအသိုင်းအဝိုင်းများ၏ အသက်မွေးဝမ်းကျောင်းမှုကို ခြိမ်းခြောက်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာရာဇဝတ်မှုအပါအဝင် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများအတွက်



အမေရိကန်က ဖိလစ်ပိုင်ကို စစ်လက်နက်ပစ္စည်းပံ့ပိုးနေသည်ကို တွေ့ရစဉ်။

အချက်အချာဖြစ်သည်။ နိုင်ငံ၏ ပထဝီတည်နေရာနှင့် နယ်နိမိတ်မျဉ်းများသည် အားနည်းသောတရားဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်မှုစနစ်များကို အသုံးချသည့် ရာဇဝတ်မှုဆိုင်ရာလှုပ်ရှားမှုများကို သက်ရောက်စေသည်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှတွင် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းများအတွက် အဓိကဖြတ်သန်းရာနေရာဖြစ်လာသဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုသည် ဆက်တိုက်ဖြစ်ပေါ်နေသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ဤပြဿနာများကို ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့ရသည့် သမ္မတဒူတာတေသည်ပင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့၏ ဝေဖန်ပြစ်တင်မှုများခံခဲ့ရသည်။ သို့သော်လည်း နိုင်ငံအတွင်း မူးယစ်မှောင်ခိုမှုနှင့်သုံးစွဲမှုများသည် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံရင်ဆိုင်ရသည့် အဓိကလုံခြုံရေးစိန်ခေါ်မှုအချို့ကို အမျိုးသားလုံခြုံရေး၏ ရှုထောင့်အမျိုးမျိုးဖြင့်သုံးသပ်၍ ပြည်ပနိုင်ငံများနှင့်ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ထားသည်။ အဓိကအားဖြင့် ဖိလစ်ပိုင်သည် အမေရိကန်နှင့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကတိကဝတ်စာချုပ်များပြုလုပ်၍ စစ်လက်နက်ပစ္စည်းဝယ်ယူခြင်း၊ စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်၍ လုံခြုံရေးဆိုင်ရာ မှီခိုအားထားမှုများဖြစ်ပေါ်စေသည်။ ဖိလစ်ပိုင်၏ အမေရိကန်အပေါ် မျက်နှာသာပေးမှုကို သမ္မတဟောင်းဒူတာတေလက်ထက်တွင် ရပ်ဆိုင်းခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ် ဇွန်လတွင် ဒူတာတေနေရာကို ဆက်ခံခဲ့သော သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် အမေရိကန်နှင့် ပိုမိုရင်းနှီးသောနိုင်ငံခြားရေးမူဝါဒကို ချမှတ်ခဲ့ပြီး ကြိုးပမ်းခဲ့သည်။ ထိုသို့ မှီခိုအားထားရာတွင် ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ ကာကွယ်ရေးဆိုင်ရာသဘောတူညီစာချုပ်များ၊ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်။

ပြင်းထန်သည့်အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည့် တောင်တရုတ်ပင်လယ်အနီးတစ်ဝိုက်နှင့် တရုတ်(တိုင်ပေ)နှင့်မနီးမဝေးတွင် အမေရိကန်တပ်များအသုံးပြုမည့် နောက်ထပ်စစ်အခြေစိုက်စခန်းလေးခုကို ဖိလစ်ပိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၃ ရက်တွင် ကြေညာခဲ့သည်။ ယခုသဘောတူညီချက်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် သဘောတူညီခဲ့ကြခြင်းဖြစ်ပြီး တိုးမြှင့်ထားသည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(၂၀၁၄) အပေါ်တွင် အခြေခံထားသည်။ အဆိုပါသဘောတူညီချက်သည် အမေရိကန်တပ်ဖွဲ့များကို ဖိလစ်ပိုင်အခြေစိုက်စခန်းငါးခုသို့ ဝင်ရောက်အခြေချခွင့်ပေးထားသည်။

သဘောတူညီချက်များအရ စစ်စခန်းကိုးခုထိ တိုးချဲ့ခဲ့သော်လည်း အစိုးရက ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးစဉ်တွင် နောက်ထပ်အခြေစိုက်စခန်းလေးခု၏နေရာကို ကြေညာခြင်းမရှိဘဲ ထိန်းသိမ်းထားခြင်းဖြစ်သည်။ အဆိုပါနေရာများတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်စဉ်အတွင်း အခြေစိုက်စခန်းများကို လူသားချင်းစာနာထောက်ထားမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ထုတ်ပြန်ခဲ့သည်။ တည်နေရာသတ်မှတ်ဖော်ပြခြင်းမရှိဘဲ လက်ရှိတည်ရှိနေသော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီခွင့်ပြုချက်ပါနေရာများတွင် အခြေခံအဆောက်အအုံများတည်ဆောက်ရန် ခွဲဝေပေးထားပြီးဖြစ်သော အမေရိကန်ဒေါ်လာ ၈၂ သန်းကို ထပ်မံထည့်သွင်းသွားမည်ဖြစ်သည်။

ဖိလစ်ပိုင်မြောက်ပိုင်းတွင် နေရာသုံးခုဖြစ်သည့် Cagayan ပြည်နယ်ရှိ ရေတပ်စခန်းတစ်ခု၊ လေဆိပ်တစ်ခု၊ ၎င်းအနီး Isabela ပြည်နယ်ရှိ ကြည်းတပ်စခန်းတစ်ခုတို့ပါဝင်သည်ဟု ဖိလစ်ပိုင်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Cagayan ပြည်နယ်၏ Santa Ana ရှိ ရေတပ်အခြေစိုက်စခန်းသည် တရုတ်(တိုင်ပေ)မှ ကီလိုမီတာ ၄၀၀ ခန့် ကွာဝေးသည်။ အခြားနေရာသည် တောင်တရုတ်ပင်လယ်အနီး Palawan ကျွန်း၏ တောင်ဘက်စွန်းရှိ Balabac ကျွန်းရှိ လေတပ်စခန်းတစ်ခုဖြစ်သည်။ သဘောတူညီချက်အရ အမေရိကန်တပ်များကို အခြေစိုက်စခန်းများ၌ အလှည့်ကျဖြန့်ကြက်ခွင့်ပြုထားပြီး ကာကွယ်ရေးပစ္စည်းများနှင့် ပံ့ပိုးရေးပစ္စည်းများကိုလည်း ၎င်းစခန်းများတွင် သိမ်းဆည်းထားနိုင်သည်။

**စစ်လက်နက်ပစ္စည်းရရှိရေးမှီခိုမှု**

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်တို့ထံမှ စစ်လက်နက်ပစ္စည်းများ ဝယ်ယူရရှိရေးအတွက်လည်း မှီခိုအားထားလျက်ရှိသည်။ ထောက်လှမ်းရေး၊စောင့်ကြည့်ရေးနှင့်ကင်းထောက်လေယာဉ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ရရှိခဲ့သည်။ ရေမိုင် ၉၁၂ မိုင်ထိပျံသန်းနိုင်ပြီး ဝေဟင်တွင် ငါးနာရီခွဲထိပျံသန်းနိုင်သည့် ဘက်စုံအသုံးဝင်မှုနှင့် အလိုက်သင့်လုပ်ဆောင်နိုင်မှုတို့ဖြင့် လူသိများသော C-208B လေယာဉ်သည် အဆင့်မြင့်စွမ်းရည်ရှိသည်။ အဆိုပါလေယာဉ်ကို ပြည်တွင်းလုံခြုံရေးလုပ်ငန်းများ၊ နယ်မြေကာကွယ်ရေးနှင့် ဘေးအန္တရာယ်များကျရောက်ချိန်တွင် ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်များဆောင်ရွက်ရန်အတွက် အသုံးပြုမည်ဖြစ်သည်။ C-208Bလေယာဉ်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကြိုးပမ်းမှုများတွင်လည်း အရေးပါလာမည်ဖြစ်သည်။ ဖိလစ်ပိုင်သည် ယခုအခါတွင် ၎င်းလေယာဉ်သုံးစင်း ပိုင်ဆိုင်ထားရှိပြီဖြစ်သည်။ ၎င်းလေယာဉ်အားလုံးကို အမေရိကန်အစိုးရထံမှ ပံ့ပိုးငွေဖြင့် ရယူထားခြင်းဖြစ်သည်။

ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်သည် ၂၀၂၄ ခုနှစ် မေလက အမေရိကန်အရာရှိများထံမှ သင်္ဘောပြုပြင်ထိန်းသိမ်းမှုနှင့် ပြင်ဆင်မှုများအတွက် ၎င်း၏ပထမဆုံးသောသီးသန့်အလုပ်ရုံအဆောက်အအုံကို လက်ခံရရှိခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း မတော်တဆမှုများတွင် ပျက်စီးသွားသော ကင်းလှည့်ရေယာဉ်အများအပြားနှင့် အနာဂတ်စစ်ရေယာဉ်များခေတ်မီရေးအစီအစဉ်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ပုံငွေအမေရိကန်ဒေါ်လာ ၉၅၀၀၀၀ ဖြင့် ရေယာဉ်ထိန်းသိမ်းမှုနှင့်ပြုပြင်ရေးအဖွဲ့ အလုပ်ရုံဖွင့်လှစ်ခြင်းဖြစ်သည်။ ၎င်းအလုပ်ရုံက ဖိလစ်ပိုင်၏ အရပ်ဘက်တရားဥပဒေစိုးမိုးရေးအေဂျင်စီ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးလိမ့်မည်ဖြစ်သည်။ ဖိလစ်ပိုင်ပြုပြင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်ရေးအလုပ်ရုံအနေဖြင့် ပင်လယ်ပြင်တွင် စဉ်ဆက်မပြတ် ယုံကြည်စိတ်ချရသောရေယာဉ်စစ်ဆင်ရေးများလုပ်ဆောင်နိုင်စေရန်၊ တရားမဝင်ငါးဖမ်းခြင်းကိုတန်ပြန်ရန်၊ ပင်လယ်ရေကြောင်းဆိုင်ရာအသိပညာပေးမှုများ အားကောင်းလာစေရန်နှင့် ရန်လိုသော ပြည်ပလုပ်ဆောင်သူများထံမှ ဥပဒေမဲ့လုပ်ဆောင်မှုများကို ဖြေရှင်းနိုင်စေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်အငြင်းပွားမှု၊ လက်နက်ကိုင်သောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် ပင်လယ်ဓားပြတိုက်မှုတို့ပါဝင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသည်ကို တွေ့ရသည်။ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို လုံလောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်ထံမှ အကူအညီများကို သိသာထင်ရှားစွာရယူလာကြောင်း တွေ့ရသည်။ အမေရိကန်အနေဖြင့်လည်း စာချုပ်ဖြင့်ကတိကဝတ်ပြုထားသည့် မိတ်ဖက်ဖြစ်သည့်အတိုင်း အကာအကွယ်ပေးရန် အကြိမ်ကြိမ်ပြောကြားထားပြီး တာလတ်ပစ်ဒုံးကျည်များ ဖြန့်ထားပေးရေးထိလုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ဖိလစ်ပိုင်အနေဖြင့် အနာဂတ်တွင် အမေရိကန်ထံမှ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအကူအညီများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။

**ကိုးကား**


- www.globalsecurity.org/security_ challenges_ in_the_philippines
- Lai , Avoiding the Trap: U.S. Strategy and Policy for Competing in the Asia-Pacific Beyond the Rebalance , 45.
- news.usni.org/2024/05/15, 2024

# မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဦးကျော်ရင်

**အောင်ကြည်ညွန့်(တက္ကသိုလ်)**



ပါမောက္ခချုပ် ဦးကျော်ရင်

စာရေးသူသည် ပညာရေးလောကမှ ဆရာတစ်ဦးဖြစ်သော်လည်း ဆရာကြီး ဦးကျော်ရင်ကို သက်ရှိထင်ရှားရှိစဉ်က မမီမတွေ့လိုက်ရပါ။ သို့သော်လည်း ပညာရေးလောက၊ နိုင်ငံရေးလောက၊ တိုင်းချစ်ပြည်ချစ်သော အသိုင်းအဝိုင်းတွင် ဆရာကြီးသည် နာမည်ကောင်းတစ်ခုကျန်ရစ်ခဲ့သည်။ လူသာသေသွားသော်လည်း နာမည်မသေသော ဆရာကြီးဖြစ်သည်။

သတင်းစာဟောင်းတစ်ခုတွင် နာရေးကြော်ငြာ၊ လွမ်းဆွတ်သတိရခြင်းဖြတ်ပိုင်းလေးတစ်ခုတွေ့မိရာ ဆရာကြီး၏အကြောင်း အတ္ထုပ္ပတ္တိကို ရှာဖွေလေ့လာပြီး ဂုဏ်ပြုရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဦးကျော်ရင်သည် ရခိုင်ပြည်နယ် သံတွဲမြို့ဇာတိဖြစ်သည်။ ၁၉၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက် ကြာသပတေးနေ့တွင် သံတွဲမြို့ ကမ်းနားလမ်းနေအိမ်၌ မွေးဖွားခဲ့သည်။ ဖခင်မှာ ဦးဘိုးဦးဖြစ်ပြီး မိခင်မှာ ဒေါ်မြရင်ဖြစ်သည်။ ငယ်စဉ်က သံတွဲမြို့ ABM ကျောင်းနှင့် အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် သံတွဲမြို့ အထက်တန်းကျောင်းမှ ၁၀ တန်းအောင်သည်။

ဦးကျော်ရင်သည် နယ်ချဲ့လက်အောက်တွင် လူဖြစ်ခဲ့ရ၏။ ဒုတိယကမ္ဘာစစ်နှင့် ကြုံရသည်။ ဖက်ဆစ်ဂျပန်များနှင့်ရင်ဆိုင်ရသည်။ ထိုအချိန်ကာလတွင် မျိုးချစ်စိတ်ရှိသောလူငယ်အားလုံးသည် ရှောင်လွှဲ၍မရ ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မိမိတို့၏ ဘဝကိုစတေးခဲ့ကြရသည်။ ၁၉၄၂ ခုနှစ်တွင် ဦးကျော်ရင်သည် သံတွဲခရိုင် မြေအောက်တော်လှန်ရေး ခေါင်းဆောင်ဖြစ်နေပြီး လူငယ်ကျောင်းသားများကို တိုင်းပြည်အတွက် အသက်စွန့်လိုစိတ်များသွင်းပေးကာ နယ်ချဲ့မောင်းထုတ်ရေးအတွက် စစ်သင်တန်းများပေးခဲ့ပြီး လျှို့ဝှက်တပ်ဖွဲ့များ ဖွဲ့စည်းခဲ့သည်။ ဖက်ဆစ်ဂျပန်များကို မြန်မာနိုင်ငံအတွင်းမှ မောင်းထုတ်နိုင်ရန် ပြည်တွင်း၌ ပြင်ဆင်နေစဉ် ပြည်ပမှ မဟာမိတ်နိုင်ငံများနှင့်ဆက်သွယ်ရန် ကြိုးပမ်းခဲ့သည်။

အင်္ဂလိပ်အစိုးရနှင့် အဆက်အသွယ်ရရန် ၁၉၄၂ ခုနှစ်ကပင် အိန္ဒိယနိုင်ငံသို့ထွက်ခွာသွားသော တက်ဘုန်းကြီး သိန်းဖေ(ဦးသိန်းဖေမြင့်)နှင့် ဦးတင်ရွှေတို့အကြောင်း ဘာမျှမသိရသဖြင့် ဦးကျော်ရင်နှင့် သခင်တင်မြတို့ကို တရုတ်နိုင်ငံမှတစ်ဆင့် အဆက်အသွယ်ရရန် အထက်က တာဝန်ပေးလွှတ်လိုက်ခြင်းဖြစ်သည်။ သို့သော် လမ်းခရီး၌ အန္တရာယ်အလွန်များ၍ နှစ်ဦးသား မြန်မာနိုင်ငံသို့ ပြန်ခဲ့ရ၏။

ဒေါက်တာဘမော်အစိုးရလက်ထက် အုပ်ချုပ်ရေးတွင် ဝင်ရောက်အမှုထမ်းရန် ဦးကျော်ရင်ကို ဖိတ်ခေါ်သော်လည်း လက်မခံခဲ့ပေ။ ၁၉၄၄ ခုနှစ် ဇူလိုင်လတွင် ဦးကျော်ရင်သည် မန်းဝင်းမောင်၊ သခင်ဗိုလ်၊ ကိုအုံးမောင်၊ ကိုချစ်ကောင်းတို့နှင့်အတူ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယသို့ ခရီးထွက်ခဲ့ရသည်။ သူတို့အဖွဲ့သည် လေထီးခုန်သင်တန်း၊ စစ်ပညာသင်တန်းတက်ခဲ့ရသည်။ သင်တန်းပြီးသောအခါ မန္တလေးသို့လာပြီး အထက်မြန်မာပြည်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် လူထုဦးလှနှင့်အတူ ဆောင်ရွက်ခဲ့၏။

၁၉၄၅ ခုနှစ် ဧပြီလတွင် အိန္ဒိယသို့ပြန်သွားပြီး လေထီးခုန်လေ့ကျင့်နေစဉ် ခြေရိုးကွဲသွားသဖြင့် ဆေးရုံတက်ရောက်ကုသရာ ဒုတိယကမ္ဘာစစ်ကြီးပြီးမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့တော့သည်။ ၁၉၄၅ ခုနှစ်တွင် ကွန်မြူနစ်ပါတီကွန်ဂရက်က ဦးကျော်ရင်ကို ဗဟိုကော်မတီဝင်အဖြစ် တင်မြှောက်ခဲ့၏။ ၁၉၄၆ ခုနှစ် ဖဆပလညီလာခံတွင် သံတွဲခရိုင်အတွက် ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်လာ၏။

တော်လှန်ရေးကာလ ဖက်ဆစ်ဂျပန်တော်လှန်ရေး ၁၉၄၅ ခုနှစ်အပြီးတွင် ဦးကျော်ရင်သည် မဖြူဖြူနှင့် သံတွဲမြို့နယ် ဆင်အောင်ကျေးရွာတွင် လက်ထပ်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသောအခါ ညီညွတ်ရေးဘက်မှရပ်တည်ခဲ့သည်။ ညီညွတ်ရေးကြိုးစားသေးသည်။ မရနိုင်မှန်းသိ၍ နိုင်ငံရေးနယ်ပယ်မှ လိမ္မာပါးနပ်စွာနုတ်ထွက်ခဲ့တော့၏။

ဦးကျော်ရင်၏လုပ်ရည်ကိုင်ရည်နှင့် စိတ်ဓာတ်တို့ကို စောင့်ကြည့်နေသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဦးကျော်ရင်ကို တိုင်းပြုပြည်ပြုလွှတ်တော် အမတ်စာရင်း တင်သွင်းခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းကို ခွင့်ပန်ကာ ရန်ကုန်တက္ကသိုလ်သို့ပြန်လာပြီး မဟာဝိဇ္ဇာတန်းတက်ကာ မြန်မာစာဌာနတွင် ဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။

ရန်ကုန်တက္ကသိုလ်တွင် ဆရာလုပ်ရင်း စာပေဆောင်းပါးများအဆက်မပြတ်ရေးသားသည်။ ဟံသာဝတီ၊ မြန်မာ့အလင်း၊ မဏ္ဍိုင် စသောသတင်းစာများနှင့် ရှုမဝ၊ မြဝတီ၊ သွေးသောက်၊ ပဒေသာစသော မဂ္ဂဇင်းများတွင် မြန်မာစာပေမြှင့်တင်ရေးဆောင်းပါးများ၊ ဝတ္ထုတိုများကို ရေးသားခဲ့သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ် စာရေးဆရာများအသင်းကို ဦးစီးတည်ထောင်ပေးခဲ့သည်။ ဆရာ ဦးကျော်ရင်သည် တက္ကသိုလ်ကျောင်းသားဘဝကပင် ဒီးဒုတ်ဂျာနယ်၊ ဂျာနယ်ကျော်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ လောကအလင်းမဂ္ဂဇင်း စသည်တို့တွင် စာပေများရေးသားခဲ့သည်။

ဆရာဦးကျော်ရင်သည် ၁၉၄၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်းမှာ "မြန်မာစကားပုံသမိုင်း"ကျမ်းဖြစ်၏။ ဦးကျော်ရင်သည် မြန်မာစာဌာနတွင် ၁၆ နှစ်တိတိ နည်းပြ၊ လက်ထောက်ကထိကအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၂ ခုနှစ် ဒီဇင်ဘာလတွင် မော်စကိုတက္ကသိုလ်၌ မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်သည်။ ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးရုံး၊ အုပ်ချုပ်ရေးမှူး ခန့်သည်။ နောက် တက္ကသိုလ်များအုပ်ချုပ်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဆရာသည် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ဆရာသည် ၁၉၆၆ ခုနှစ် အသက် ၄၉ နှစ်တွင် ကွယ်လွန်ခဲ့သည်။

တက္ကသိုလ်တွင်ရှိစဉ် ဆရာသည် ရန်ကုန်တက္ကသိုလ်အနုပညာအသင်းတွင် စိတ်အားအတက်ကြွဆုံးပါဝင်ဦးဆောင်ခဲ့သည်။ ဆရာသည် အနုပညာတစ်ရပ်ဖြစ်သည့် ပြဇာတ်ကို အထူးစိတ်ဝင်စားခဲ့သည်။ ကျောင်းသားပွဲတော်များတွင် ဇာတ်ခုံနောက်ပိုင်းက ပြဇာတ်ဆရာ၊ ဇာတ်ညွှန်းရေးဆရာအဖြစ် ညွှန်ကြားတတ်သည်။

၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ဘွဲ့နှင်းသဘင်ခန်းမတွင် အနုပညာအသင်းက ပါမောက္ခ ဦးမျိုးမင်း၏ "သတ္တိဗျတ္တိ"ပြဇာတ်ကို တင်ဆက်ကပြခဲ့သည်။ အဆိုပါပြဇာတ်တွင် ဆရာဦးကျော်ရင်ကိုယ်တိုင်ပါဝင်ပြီး ဦးမျိုးမင်း၊ ဦးကိုကိုကြီး၊ ဦးစန်း၊ ဒေါ်ခင်စိုးတင်၊ ဒေါ်မြမြသန်းတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ဆရာ့ယုံကြည်ချက်မှာ စင်ပေါ်တက်ရခြင်းသည် မြန်မာအမျိုးသားယဉ်ကျေးမှုတိုးတက်ဆန်းသစ်စေလိုသောဆန္ဒကြောင့် ကိုယ်တိုင်ပါဝင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဦးကျော်ရင်သည် ကျောင်းသားခေါင်းဆောင်၊ လူထုခေါင်းဆောင်ဘဝမှတက်လာသောဆရာတစ်ဦးဖြစ်၍ စကားပြောရခြင်းကို နှစ်သက်သူဖြစ်သည်။ ဆရာသည် အာဝဇ္ဇန်းကောင်းသည်။ တစ်ဦးချင်းပြောရသည်ဖြစ်စေ၊ လူထုကို ပြောရသည်ဖြစ်စေ ဆရာ၏ပြောစကားများသည် ငြီးငွေ့ဖွယ်မရှိ အမြဲနားထောင်ချင်အောင် နှုတ်စွန့်သူဖြစ်သည်။ စကားပြောကောင်းသူအဖြစ် နာမည်ကြီးသည်။

**❖ ဆရာဦးကျော်ရင်သည် စာပေရေးရာနှင့်ပတ်သက်ပြီး အနှစ်နှစ် အလလက လိုလားတောင့်တခဲ့သော အချက်သုံးချက်ရှိကြောင်း သိရသည်။ ထိုအချက်သုံးချက်မှာ စာပေဝေဖန်ရေး၊ သတ်ပုံကိစ္စနှင့် စကားပြေအရေးအသားတို့ဖြစ်သည်။ စာပေဝေဖန်ရေးမှာ ကောင်းသည့်ဘက်ကိုသာ အဖန်တလဲလဲချီးကျူးနေကြပြီး ပျော့ကွက် ဟာကွက်၊ ချို့ငဲ့ချက်များကို ထောက်မပြသည့်အတွက် ဆုံးရှုံးနစ်နာရသည်ဟုဆိုသည်။ အဆိုးကို သိခွင့်မရသည့်အတွက် အကောင်းကို ရှာဖွေရာတွင် မပြည့်မစုံဖြစ်ရကြောင်း ဆရာက ထောက်ပြ ပြောဆိုသည်။ ❖**

ဆရာဦးကျော်ရင် မော်စကိုက ပြန်လာသောအခါ စာပေသဘောတရားအသစ်များပါလာသည်။ စာပေအရေးအသားအသစ်ကိစ္စပါ။ သတ်ပုံကိစ္စ၊ ရေးတော့အမှန်၊ ဖတ်တော့အသံဆိုသည့်ပြဿနာများကို ပြေငြိမ်းနိုင်သရွေ့ ပြေငြိမ်းလေအောင် စာရေးကြသောအခါ အသံထွက်အတိုင်း စကားပြောသကဲ့သို့ ရေးရမယ်ဆိုသောအယူအဆသစ်ပဲဖြစ်သည်။

ဆရာဦးကျော်ရင်သည် စာပေရေးရာနှင့်ပတ်သက်ပြီး အနှစ်နှစ်အလလက လိုလားတောင့်တခဲ့သော အချက်သုံးချက်ရှိကြောင်း သိရသည်။ ထိုအချက်သုံးချက်မှာ စာပေဝေဖန်ရေး၊ သတ်ပုံကိစ္စနှင့် စကားပြေအရေးအသားတို့ဖြစ်သည်။

စာပေဝေဖန်ရေးမှာ ကောင်းသည့်ဘက်ကိုသာ အဖန်တလဲလဲချီးကျူးနေကြပြီး ပျော့ကွက်ဟာကွက်၊ ချို့ငဲ့ချက်များကို ထောက်မပြသည့်အတွက် ဆုံးရှုံးနစ်နာရသည်ဟုဆိုသည်။ အဆိုးကို သိခွင့်မရသည့်အတွက် အကောင်းကိုရှာဖွေရာတွင် မပြည့်မစုံဖြစ်ရကြောင်း ဆရာက ထောက်ပြပြောဆိုသည်။

သတ်ပုံကိစ္စတွင်လည်း လေ့လာကြည့်လျှင် မင်းအဆက်ဆက်၊ ခေတ်အဆက်ဆက် အငြင်းထွက်ကြသည်။ ဤပြဿနာများကင်းဝေးစေရေး ဆောင်ရွက်ရန်လိုကြောင်း ဆရာက ထောက်ပြဝေဖန်သည်။ စကားပြေကိုလည်း တိတိကျကျရှင်းရှင်းလင်းလင်း လိုရင်းကို တန်းတန်းမတ်မတ်ရောက်အောင်ရေးကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ဆရာသည် စာရေးဆရာစစ်စစ်ဖြစ်ပြီး စာပေကို မြတ်နိုးသည်။ မြန်မာစာပေမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ ကလောင်အမည် ၁၀ မျိုးခန့်ရှိပြီး စာအုပ်ပေါင်း ၁၀ အုပ်ခန့် ရေးသားတည်းဖြတ်ထုတ်ဝေခဲ့ပြီး ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါး၊ ကဗျာ စသည်ဖြင့် စာမျိုးစုံရေးခဲ့သည်။

ဆရာသည် သူ့ဘဝကို စာပေလောကနှင့်ပညာရေးတွင် မြှုပ်နှံခဲ့သည်။ ရခိုင်မင်းသမီးချောင်း၊ နေမိငရဲခန်းပျို့၊ ပုလဲဆင်မင်းပျို့ စသည်တို့ကို သုတေသနရှုထောင့်ဖြင့် ရေးသားထုတ်ဝေခဲ့၊ တည်းဖြတ်ခဲ့သည်။ နယ်ချဲ့စစ်မှ လူထုစစ်သို့ ဘာသာပြန်စာအုပ်သည် ဆရာဦးကျော်ရင်၏ စာကောင်းပေမွန်ဖြစ်သည်။

စာပေလောကကို အလွန်ထွန်းလင်းအံ့သောကြယ်တစ်ပွင့်သည်ကား မြေသို့အကြွေစောသွားချေပြီ။ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဆရာကြီး ဦးကျော်ရင်သည် ငယ်ငယ်ရွယ်ရွယ် အသက် ၄၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ခြင်းသည် စာပေလောကနှင့် ပညာရေးလောက၏ ကြီးမားသောဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါကြောင်း ရေးသားရင်း ဆရာကြီးကို ဦးညွှတ်၍ဂါရဝပြုလိုက်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




## အများပြည်သူသို့ အသိပေးကြေညာချက်




၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ဒီပဲယင်းမြို့နယ်တွင် စပါး ကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၈၁ ဒသမ ၇၇ တင်း ထွက်ရှိ



**ရေဦး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် စပါးကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၁ ဒသမ ၇၇ တင်းထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၄၀၆ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၁ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။

" မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်အတွင်း စပါး ၁၂၁၄၀၆ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီရိတ်သိမ်းနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ စပါးများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ညောင်ရွှေမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ တောင်ပို့ကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ညောင်ပင်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၈ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

DAGON

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်၊

THE BEST QUALITY TYRE

TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊




CAR TYRES

အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၈

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



CYCLE TYRES

"117 နဲ့ ထီကံစမ်းခြင်း (၂)မျိုး"

5 Digits Online Lottery

*117# ကို ခေါ်ဆို၍ ဝယ်ယူခြင်း

117 သို့ (ABL1,ABL3,ABL5,ABL10) ဟု SMS ပေးပို့ပြီး ဝယ်ယူခြင်း

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

777 Call Center
aungbarlay.ird.gov.mm

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက (၁၈)၊ Grade-11တွင် ပညာသင်ကြားနေသော မအိမ့်သူစံ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောကျိုးမိုးဖြစ်ပါကြောင်း။

ဦးစောကျိုးမိုး(၉/မနမ(နိုင်)၀၈၄၇၅၅)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာ၊ တိုက် B-6၊ အခန်း (၂၀၄)နေ (ဦးညွန့်ဦးသန်း)+ ဒေါ်စောလွင် (၁၃/တကန(နိုင်)၀၂၆၈၂၀)၏သား မောင်အောင်ကောင်းဆက်(၉/ခအဇ(နိုင်)၀၂၅၇၁၂)သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စောလွင်
၁၃/တကန(နိုင်)၀၂၆၈၂၀

## အများသိစေရန် ကြေညာခြင်း

Peace Myanmar Electric Holding Co.,Ltd တွင် အရောင်းတာဝန်ထမ်းဆောင်ခဲ့သည့် **ဒေါ်ခင်ပပ (ဘ) ဦးစန်းလွင်(၉/မဟမ(နိုင်)၀၃၈၉၄၅)သည်** (၃-၂-၂၀၂၅)ရက်နေ့မှစ၍ ၎င်းသဘောဆန္ဒအရ အလုပ်မှ နုတ်ထွက်ခြင်းကို ပြုလုပ်သွားပါသဖြင့် Peace Myanmar Electric Holding Co.,Ltd (Mandalay Branch)၏ ဝန်ထမ်းမဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ သို့ပါ၍ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို ဤကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက လိုက်လံကြည့်ရှုစဉ်။

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်ထိ ပြည်ပနိုင်ငံသား ၁၃၀၃ ဦးတို့ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါထိန်းသိမ်းထားသည့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ဂရမ်)၏ ဈေးနှုန်း ၅၅၂၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**ထူးခြားသည့် ညအပူချိန်များ**

(၁၇-၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

CARD SERVICES
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
လိုငွေ ကျည် မြဝတီ
MPU
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Phone No : (01) 2301367, 2301368, 2301452, 2301378